# ကြေးမုံ
The Mirror

၁၃၇၄ ခုနှစ်၊ နယုန်လဆန်း ၈ ရက်၊ တနင်္လာနေ့၊ (28-5-2012)(၇၁၃၄)


**ဒို့တာဝန်အရေးသုံးပါး**

- ☆ ပြည်ထောင်စု မပြိုကွဲရေး။
- ☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- ☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အဇာဘိုင်ဂျန်သမ္မတနိုင်ငံ သမ္မတထံ သဝဏ်လွှာပေးပို့

**နေပြည်တော်   မေ   ၂၈**

၂၀၁၂ ခုနှစ် မေ ၂၈ ရက်တွင် ကျရောက်သော အဇာဘိုင်ဂျန်သမ္မတနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ အဇာဘိုင်ဂျန်သမ္မတနိုင်ငံ သမ္မတ မစ္စတာ အီလ်ဟမ် အာလီယေ့(ဗ်)ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။ (သတင်းစဉ်)

## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အဇာဘိုင်ဂျန်သမ္မတနိုင်ငံ ဝန်ကြီးချုပ်ထံ သဝဏ်လွှာပေးပို့

**နေပြည်တော်   မေ   ၂၈**

၂၀၁၂ ခုနှစ် မေ ၂၈ ရက်တွင် ကျရောက်သော အဇာဘိုင်ဂျန်သမ္မတနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ အဇာဘိုင်ဂျန်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ အာတား ရာစီဇတ်(ဒ်)ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။ (သတင်းစဉ်)

# အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ်နှင့် ဇနီး ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ နေပြည်တော်သို့ရောက်ရှိ

နေပြည်တော်   မေ   ၂၇

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့၏ ဖိတ်ကြားချက်အရ အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ် ဒေါက်တာ မန်မိုဟန်ဆင်းနှင့်ဇနီး ရှုရီမာတီ ဂူရှာရန်ခါတို့ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေ ၆ နာရီ ၄၅ မိနစ်တွင် အထူးလေယာဉ်ဖြင့် နေပြည်တော်သို့ ရောက်ရှိလာကြသည်။**



ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာ မန်မိုဟန်ဆင်းနှင့် ဇနီး ရှုရီမာတီ ဂူရှာရန်ခါတို့ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် ဇနီး၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်၊ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူနှင့် ဇနီး၊ ဒုတိယရဲချုပ် ရဲမှူးချုပ်ဇော်ဝင်း၊ အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ သံအမတ်ကြီး ဦးဇင်ယော်နှင့် ဇနီး၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Dr. Villur Sundararajan Seshadri နှင့် ဇနီး၊ သံရုံးမှတာဝန်ရှိသူများက နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာမန်မိုဟန်ဆင်းနှင့် ဇနီး ရှုရီမာတီ ဂူရှာရန်ခါတို့အား တိုင်းရင်းသား တိုင်းရင်းသူလေးများက **စာမျက်နှာ ၂ ကော်လံ ၃ သို့** ☆

**အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာမန်မိုဟန်ဆင်းနှင့် ဇနီး ရှုရီမာတီ ဂူရှာရန်ခါတို့ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် ဇနီး၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြစဉ်။** (သတင်းစဉ်)

ယ နေ့ သ တ င်း အ ညွှ န်း

**ဝါဒါဘရီမင် ကစားသမား ကလော်ဒီယိုပီဇာရို ဘိုင်ယန်မြူးနစ် အသင်းနှင့် စာချုပ်ချုပ်ဆို**



နိုင်ငံတကာအားကစား စာမျက်နှာ - ၁၀

❛ဒီမိုကရေစီအခွင့်အရေးသည် လူတိုင်း၌ ညီတူညီမျှရှိကြသည်။ မည်သူမျှမပိုသကဲ့သို့ မည်သူမျှလည်း မလိုပေ။ သို့သော် လူတစ်စု တစ်ဖွဲ့၏ အလျင်လိုသောဆန္ဒစွဲများကြောင့် ကျန်အများစုကြီး၏ တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသောဆန္ဒများ ထိခိုက်ဆုံးရှုံးရမည်ဆိုလျှင်. . . ❜

**ချမ်းမြအေး ၏**

ပူးပေါင်းလက်တွဲပါဝင်ရန် အားလုံး၌ တာဝန်ရှိသည်

ဆောင်းပါး စာမျက်နှာ - ၉



**တောင်တက်ရာသီ နောက်ဆုံးနေ့တွင် ဧဝရက်တောင်ထိပ် ပေါ်သို့ နိုင်ငံတကာ တောင်တက်သမား ၁၅၀ တက်ရောက်နိုင်**

နိုင်ငံတကာသတင်း စာမျက်နှာ - ၅

ကြေးမုံစာတည်းရှုထောင့်

၂၈-၅-၂၀၁၂ [တနင်္လာနေ့]။

# ပြည်သူတစ်ဦးချင်းစီ၏ စာရင်းအမှန်

မြန်မာနိုင်ငံတွင် လူမှုဘဝ ပကတိစစ်တမ်းများအား သုတေသနပြုကောက်ခံလာသည်ကိုတွေ့ရသည်။ ကောင်းမွန်လှပါသည်။ လူမှုဘဝ အဖုံဖုံ၏ နေထိုင်မှု၊ ရပ်တည်မှု၊ ရှင်သန်မှု၊ သေဆုံးမှု၊ ဖြစ်ထွန်းမှု၊ ဆုတ်ယုတ်မှုတို့မှအစ ဆင်းရဲမှု၊ ချမ်းသာမှုတို့ပါမကျန် စာရင်းပြုစုကောက်ယူသင့်ပေသည်။ သို့မှသာ နိုင်ငံသူ နိုင်ငံသားများ၏ ပကတိအခြေအနေမှန်တို့ကိုသိရှိပြီး လိုအပ်ချက်များကို ဖြည့်စွမ်းပေးနိုင်မည်ဖြစ်သည်။

ဥပမာအားဖြင့် လူမှုဘဝအတွင်းရှိ လူတို့သေဆုံးကွယ်လွန်မှု အဖုံဖုံတို့မှာ ကျန်ရစ်သူများ ရှုမြင်သုံးသပ် သတိပြုဆင်ခြင် သံဝေဂယူဖွယ်ရာများပင် ဖြစ်သည်။ လက်တွေ့တွင် နေ့စဉ်နှင့်အမျှ ကွယ်လွန်ခဲ့ကြရမှုများကို ပြည်သူများက သတင်းစာတို့၏ စာမျက်နှာ ၁၉ တွင် ကြည့်ရှုရုံမျှဖြင့်သာ သိမြင်နိုင်မည်ဖြစ်သည်။ တကယ်တမ်းတွင်မူ နိုင်ငံတစ်ဝန်းအတွင်း ရောဂါအဖုံဖုံ၊ အကြောင်းအမျိုးမျိုးဖြင့် ချုပ်ငြိမ်းကြရသည့် လူတို့၏ဖြစ်အင်များကို ရံဖန်ရံခါမျှ သိရှိနိုင်ပါလျှင် တရားသဘော၊ ကျန်းမာရေးသဘော ဆင်ခြင်နေထိုင်ကြပြီး လူ့သက်တမ်းသည်လည်း အတိုင်းအတာတစ်ရပ်အဖြစ် ရှည်ကောင်းရှည်နိုင်ဖွယ်ရှိမည်ဖြစ်သည်။

တစ်နည်းအနေဖြင့် လူတို့၏နေထိုင်ပြုမူစားသောက်မှုတို့ကိုလည်း လေ့လာဆန်းစစ်ဖို့လိုအပ်လာပါသည်။ အလုပ်အကိုင်ဆန်းစစ်မှု၊ ပညာရည်ဆန်းစစ်မှုမှအစ ဘေးအန္တရာယ်နှင့် မကောင်းမှုတို့ပါမကျန် လေ့လာဆန်းစစ်ထုတ်ပြန်မှုပြုခြင်းဖြင့် လူမှုဘဝသတိပြုဆင်ခြင်ဖွယ်တို့ကို သိရှိရမည်ဖြစ်သည်။

အဘယ်ကြောင့်ဆိုသော် နိုင်ငံတော်အကြီးအကဲကိုယ်တိုင်ပင် အမြော်အမြင်ရှိစွာဖြင့် ပြည်သူတစ်ဦးချင်း ထိတွေ့ခံစားနေရသည့် နေ့စဉ်စားဝတ်နေရေး၊ သွားလာနေထိုင်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ပြောင်းလဲတိုးတက်အောင်၊ တစ်နည်းအားဖြင့် ပြည်သူတစ်ဦးချင်းစီ၏ လူမှုစီးပွားရေးဘဝ တိုးတက်အောင် ဆောင်ရွက်ပေးနိုင်မည့်အစီအမံများကို ထိထိရောက်ရောက်စီမံပေးဖို့ အရေးတကြီးလိုအပ်လာပါသည်ဟု မိန့်ကြားထားရာ ပြည်သူတစ်ဦးချင်းစီ၏ ဘဝအခြေအနေမှန်များကို သိသာနိုင်မည့် ပြည်သူထဲသို့ ကွင်းဆင်း၍ စစ်တမ်းကောက်ယူမည့်အစီအမံများ လိုအပ်လာပြီဖြစ်ပါသည်။

သာဓကအားဖြင့် တစ်နိုင်ငံလုံးတွင်ရှိသော သက်ကြီးရွယ်အို အရေအတွက်စာရင်းကို ပထမဆုံးအကြိမ် စာရင်းကောက်ယူထားရာ ယခုနှစ်စက်တင်ဘာလတွင် ပြီးစီးမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါသက်ကြီးရွယ်အိုများစာရင်းကို ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့၏ ဘဏ္ဍာရေးအကူအညီဖြင့် နိုင်ငံတကာသက်ကြီးရွယ်အိုစောင့်ရှောက်ရေးအဖွဲ့မှ ဦးဆောင်ကာ မြန်မာ့လူမှုရေးသုတေသနကောက်ယူသည့်အဖွဲ့အား ငှားရမ်းပြီး စစ်တမ်းကောက်ယူခဲ့ခြင်းဖြစ်သည်ဟု သိရသည်။

မြန်မာနိုင်ငံတွင် လူမှုဝန်ထမ်းဦးစီးဌာနကလည်း သက်ကြီးရွယ်အိုများစာရင်းကို ပျမ်းမျှကောက်ယူထားပြီး တစ်နိုင်ငံလုံးရှိ လူဦးရေ၏ ၁၀ ရာခိုင်နှုန်းမှာ အသက် (၆၀)နှင့်အထက် သက်ကြီးရွယ်အိုများဖြစ်၍ အရေအတွက်အားဖြင့် ၅ ဒသမ ၄၅ သန်း ရှိသည်ဟု မှတ်တမ်းတင်ထားသည်။ မြန်မာ့လူမှုရေးသုတေသနမှ စက်တင်ဘာလအတွင်း ထုတ်ပြန်မည့် သက်ကြီးရွယ်အိုစာရင်းကို လူမှုဝန်ထမ်းဦးစီးဌာနသို့ ပေးအပ်မည်ဖြစ်ရာ ပိုမိုတိကျသော သက်ကြီးရွယ်အိုစာရင်းများ ရရှိလာမည်ဖြစ်၍ သက်ကြီးရွယ်အိုများဘဝကို လက်တွေ့ကျကျ ဖြည့်ဆည်းပေးနိုင်မည်ဟု ယုံကြည်ပါသည်။

သို့ဖြစ်ရာ ပြည်သူတစ်ဦးချင်းစီ၏ လူမှုဘဝအခြေအနေအမျိုးမျိုးတို့ကို ယေဘုယျမဆန်ဘဲ တိတိကျကျ စာရင်းကောက်ယူခြင်းဖြင့် ပြည်သူတို့၏ လိုအပ်ချက်များကို လက်တွေ့ကျကျဆောင်ရွက်ပေးနိုင်မည်ဖြစ်သည်။ ထိုသို့ စာရင်းအင်းအမှန်များကို ကုလသမဂ္ဂမှ ကမကထပြု၍ ဆောင်ရွက်ပေးလျက်ရှိသည့်နည်းတူ နိုင်ငံအတွင်းရှိ သက်ဆိုင်ရာလုပ်ငန်းဌာနများက ဦးစီးဦးဆောင်ပြု၍ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူများအားလုံးကပါ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြခြင်းဖြင့် ပြည်သူတစ်ဦးချင်းစီ၏ ပကတိလိုအပ်ချက်များကို အထိုက်အလျောက် ဖြည့်စွမ်းပေးနိုင်မည်ဟု ရှုမြင်ပါသည်။ ။

**☆အိန္ဒိယသမ္မတနိုင်ငံမှ**

ဂုဏ်ပြုပန်းစည်းကမ်း၍ ဂါရဝပြုကြိုဆိုကြပြီး ဂုဏ်ပြုတပ်ဖွဲ့များကလည်း အလေးပြုကြိုဆိုကြသည်။

ထို့နောက် အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ် ဒေါက်တာမန်မိုဟန်ဆင်းနှင့် ဇနီး ရှရီမာတီ ဂူရှာရန်ခါတို့ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ခေတ္တတည်းခိုမည့် ရွှေနန်းတော်ဟိုတယ်သို့ ယာဉ်တန်းဖြင့် ဆက်လက်ထွက်ခွာလာကြရာ လေဆိပ်အထွက် လမ်းဘေးဝဲယာ၌ ကျောင်းသား ကျောင်းသူလေးများက နှစ်နိုင်ငံအလံငယ်များကို ဝှေ့ယမ်း၍ ကြိုဆိုနှုတ်ဆက်ကြသည်။

(သတင်းစဉ်)



**အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ် ဒေါက်တာမန်မိုဟန်ဆင်းနှင့် ဇနီး ရှရီမာတီ ဂူရှာရန်ခါတို့ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ နေပြည်တော်သို့ ရောက်ရှိလာရာ တာဝန်ရှိသူများက နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြစဉ်။** (သတင်းစဉ်)

## ပျဉ်းမနားမြို့နယ် ဂီတအစည်းအရုံး အဆို၊ အက၊ အတီးသင်တန်းဆင်းပွဲ ကျင်းပ

**နေပြည်တော် မေ ၂၇**

ပျဉ်းမနားမြို့နယ် ဂီတအစည်းအရုံးက နှစ်စဉ် သင်ကြားပို့ချပေးလျက်ရှိသော အဆို၊ အက၊ အတီး သင်တန်းဆင်းပွဲကို ယနေ့ နံနက် ၉ နာရီတွင် မင်္ဂလာကန်တော်ခန်းမ၌ကျင်းပရာ နေပြည်တော်ကောင်စီဝင် ပျဉ်းမနားမြို့နယ် တာဝန်ခံ ဗိုလ်မှူးကြီးမြင့်အောင်သန်း၊ မြန်မာနိုင်ငံဂီတအစည်းအရုံး ဗဟိုဥက္ကဋ္ဌ ဦးမောင်မောင်လတ်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးကျော်တင့်တို့က အမှာစကား ပြောကြားကြသည်။ ထို့နောက် တာဝန်ရှိသူများက သင်တန်းဆင်းလက်မှတ်များ ပေးအပ်ကြသည်။

ယင်းသင်တန်း အောင်မြင်စွာ ဖွင့်လှစ်ပို့ချနိုင်ရန်အတွက် KTM သောက်ရေသန့်က အလှူငွေကျပ် ၁၀ သိန်းနှင့် ကာရာအိုကေ လုပ်ငန်းရှင်များ၊ စေတနာရှင်ပြည်သူများက အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။

ပျဉ်းမနားမြို့နယ် ဂီတအစည်းအရုံး အနေဖြင့် အမျိုးသားယဉ်ကျေးမှု ထိန်းသိမ်းမြှင့်တင်ရေး၊ အဆို၊ အက၊ အတီး ပညာရှင်မျိုးဆက်သစ်များ ပေါ်ထွန်းလာရေးရည်ရွယ်ချက်များဖြင့် နှစ်စဉ်မပြတ် သင်တန်းဖွင့်လှစ် ပို့ချပေးလျက်ရှိပြီး ယခုနှစ်သင်တန်းတွင် အဆိုနှင့် အတီး သင်တန်းသား ၁၇ ဦး၊ အက သင်တန်းသား ၁၀ ဦး စုစုပေါင်း သင်တန်းသား ၂၇ ဦးအား မတ် ၁၀ ရက် မှ မေ ၂၅ ရက်အထိ ရက်သတ္တခုနစ်ပတ်ကြာ ဖွင့်လှစ်ပို့ချပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၂၇ - ၅ -၂၀၁၂

| ငွေကြေးစနစ် | တစ်ဒေါ်လာလျှင်ယူနစ် | တစ်ယူနစ်လျှင်ဒေါ်လာ |
|---|---|---|
| မြန်မာ(ကျပ်) | ၈၄၀. ၀၀၀ | ၀. ၀၀၁၂၀ |
| ထိုင်း (ဘတ်) | ၃၁. ၆၆၀၀ | ၀. ၀၃၁၅၉ |
| တရုတ် (ယွမ်) | ၆. ၃၃၇၆၀ | ၀. ၁၅၇၇၉ |
| အိန္ဒိယ (ရူပီး) | ၅၅. ၃၇၀၀ | ၀. ၀၁၈၀၆ |
| မလေးရှား (ရင်းဂစ်) | ၃. ၁၅၄၅၀ | ၀. ၃၁၇၀၁ |
| စင်ကာပူ (ဒေါ်လာ) | ၁. ၂၈၁၄၀ | ၀. ၇၈၀၄၀ |
| ဂျပန် (ယန်း) | ၇၉. ၆၈၀၀ | ၀. ၀၁၂၅၅ |
| တောင်ကိုရီးယား(ဝမ်) | ၁၁၈၅. ၄၀ | ၀. ၀၀၀၈၄ |
| ယူရို | ၀. ၇၉၈၈၅ | ၁. ၂၅၁၈၀ |
| ဗြိတိသျှ (ပေါင်) | ၀. ၆၃၈၅၃ | ၁. ၅၆၆၁၀ |

***အင်တာနက်။***

## တိုင်းဒေသကြီးအဆင့် ရဲကျင့်ဝတ် / စံပြရဲရေးဖြေစာမေးပွဲ ကျင်းပ

**ရန်ကုန် မေ ၂၇**

ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့ ၂၀၁၂ ခုနှစ် တိုင်းဒေသကြီးအဆင့် ရဲကျင့်ဝတ်ရေးဖြေစာမေးပွဲကို ယမန်နေ့ နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ဒုတိယရဲမှူးအဆင့်မှ ရဲတပ်သားအဆင့်အထိ တပ်ဖွဲ့ဝင် ၁၁၃ ဦး ဝင်ရောက်ဖြေဆိုကြသည်။

အလားတူ စံပြရဲရေးဖြေစာမေးပွဲကို မွန်းလွဲ ၁ နာရီတွင် ကျင်းပရာ ရဲအုပ်အဆင့်မှ ရဲတပ်သားအဆင့်အထိ တပ်ဖွဲ့ဝင် ၈၂ ဦး ဝင်ရောက်ဖြေဆိုကြသည်။

အဆိုပါ စာမေးပွဲဖြေဆိုမှုအား တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဝင်းနိုင်၊ ဒုတိယတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးနှင့် ဌာနခွဲမှူးများ၊ ဒုတိယရဲမှူး(ဦးစီး)များက ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ပျားမွေးမြူရေး သမဝါယမအသင်းလီမိတက် ဖွဲ့စည်း

**မကွေး မေ ၂၇**

မကွေးတိုင်းဒေသကြီး ပျားမွေးမြူရေးလုပ်ငန်း သမဝါယမအသင်းလီမိတက် ဖွဲ့စည်းရေးအတွက် မေ ၁၃ ရက် နံနက် ၁၀ နာရီက မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန မကွေးတိုင်းဒေသကြီး ပျားလုပ်ငန်းဌာန အစည်းအဝေးခန်းမ၌ ကျင်းပကြောင်း သိရသည်။

ယင်းအစည်းအဝေးတွင် မကွေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးချစ်ဦးနှင့် မကွေးမြို့နယ် သမဝါယမဦးစီးအရာရှိ ဦးတင်ချစ်တို့က သမဝါယမအသင်းလီမိတက်၏ စည်းကမ်းချက်များကို ရှင်းလင်းကြသည်။ ထို့နောက် အစုဝင်ငွေများထည့်ဝင်၍ ပုဂ္ဂလိက ပျားမွေးမြူသူ ၁၅ ဦး စုဖွဲ့ပြီး အမှုဆောင်ဒါရိုက်တာအဖွဲ့ဝင်ငါးဦး၊ အသင်းသားစာရင်းစစ် နှစ်ဦးတို့ကို ရွေးချယ်ဖွဲ့စည်းခဲ့သည်။ ယင်းအစည်းအဝေးသို့ မကွေးတိုင်းဒေသကြီး ပျားလုပ်ငန်းဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်မြဦး၊ စလင်းမြို့နယ်ဦးစီးမှူး၊ အောင်လံမြို့နယ်ဦးစီးမှူး၊ ပွင့်ဖြူမြို့နယ် ဦးစီးမှူးနှင့် ပုဂ္ဂလိက ပျားမွေးမြူသူများ တက်ရောက်ကြကြောင်း သိရသည်။ **(အောက်ပုံ)**

(၃၃၃)



## ရွှေဘို ကြက်မွေးမြူရေးဇုန်သို့ ချေးငွေပေးအပ်

**ရွှေဘို မေ ၂၇**

ရွှေဘိုကြက်မွေးမြူရေးဇုန်တွင် မေ ၂၃ ရက် ညနေ ၄ နာရီက ကြက်တိုးချဲ့မွေးမြူနိုင်ရန်အတွက် ချေးငွေများ ပေးအပ်ပွဲအခမ်းအနား ကျင်းပသည်။ အခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင်ထွန်းနှင့် မြို့နယ်မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အဆိုပါအခမ်းအနားတွင် ကြက်မွေးမြူရေးလုပ်ငန်းရှင် ၅၁ ဦးတို့အား ဇေယျာပဒေသာဖောင်ဒေးရှင်းမှ ချေးငွေကျပ် ၉၂၅ သိန်းအား ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

(၅၇၂)

## မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၂၈-၅-၂၀၁၂ (တနင်္လာနေ့)

၇း၀၅ တရားတော်
၈း၁၅ ဇာတ်လမ်းတို
၄း၁၅ စိုက်ပျိုးသုတ
၄း၂၅ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၃၅ လျှပ်တစ်ပြက်
၄း၄၅ ဗွီစီဒီကျော်ကြားတေး
၅း၀၀ သာယာသီကြွေး
ခေတ်ဆန်းတေး
၅း၂၀ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း**
**-ဟာသလွင်ပြင်ဒုတိယတွဲ**
**(အပိုင်း-၃)**
၆း၂၀ သံစဉ်လမ်းက
လင်းလက်ကြယ်
၇း၀၀ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း**
**-ကွန်ဖူးဘုရင်ဘရုစ်လီ**
**(အပိုင်း-၃၉)**
၈း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
-Talk of The Town
-မေးမြန်းစူးစမ်း
-ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
**-ရသစုံလင်ရုပ်မြင်ဇာတ်လမ်း**
**"ရင်ခုန်သံများချစ်ခြင်းများဖြင့်"**
**(အပိုင်း-၂)**
-Mini Series

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးလှမင်းနှင့်အဖွဲ့ အစည်းအဝေးများတက်ရောက်ရန် ထွက်ခွာ

**ရန်ကုန် မေ ၂၇**

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးလှမင်းနှင့် အဖွဲ့သည် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့၌ ကျင်းပမည့် (၆)ကြိမ်မြောက် အာဆီယံ ကာကွယ်ရေးဝန်ကြီးများ အစည်းအဝေးနှင့် စင်ကာပူသမ္မတနိုင်ငံ၌ ကျင်းပမည့် (၁၁)ကြိမ်မြောက် အာရှလုံခြုံရေးဆိုင်ရာ ထိပ်သီးအစည်းအဝေးတက်ရောက်ရန်အတွက် ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာသွားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ရမည်းသင်းမြို့နယ်အတွင်း မိုးကြိုချည်မျှင်ရှည်ဝါများ ဖြစ်ထွန်း

**ရမည်းသင်း မေ ၂၇**

ယခုနှစ်တွင် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်အတွင်း၌ မိုးကြိုချည်မျှင်ရှည်ဝါများ စိုက်ပျိုးဖြစ်ထွန်းအောင်မြင်လျက်ရှိသည်ကို တွေ့ရသည်။ **(ယာပုံ)**



ဝါစိုက်တောင်သူများမှာ ငွေချည် (၆) ချည်မျှင်ရှည်ဝါမျိုးကိုသာ အစိုက်များကြသည်ဟု သိရပြီး မြို့နယ်အတွင်းတွင် ဆည်၊ ကန်များမှ ရေဖြင့် မိုးကြိုဝါကို ၂၄၇၅ ဧက စိုက်ပျိုးရန် လျာထားခဲ့ရာ ယခုနှစ်တွင် ၃၀၅၃ ဧက စိုက်ပျိုးခဲ့၍ လျာထားဧကထက် ကျော်လွန်စိုက်ပျိုးနိုင်ခဲ့သည်ဟု သိရသည်။

သစ်ဆုံဆည်ရေသောက် ဧရိယာတွင် ရပ်/ကျေးအုပ်စု ခြောက်အုပ်စုမှ ၁၄၃၉ ဧက၊ ကတင်ကန်ရေသောက် ဧရိယာတွင် အုပ်စု နှစ်စုမှ ဧက ၉၀၀၊ ကျီးနီကန်ရေသောက်ဧရိယာတွင် အုပ်စုလေးအုပ်စုမှ ၇၁၄ ဧက စိုက်ပျိုးခဲ့သည်ဟု သိရသည်။

မိုးကြိုဝါကို ဖေဖော်ဝါရီလလယ်မှ မတ်လကုန်ဝန်းကျင်ထိ စိုက်ပျိုးကြသည်။ မိုးကြိုဝါပြီးနောက် မိုးဝါစိုက်ပျိုးရာသီတွင် ဧက ၅၀၀ ကျော် လျာထားသည်။ သို့သော် မိုးရွာသွန်းမှုနည်းပါးခြင်းကြောင့် စိုက်ပျိုးမှုမရှိသေးကြောင်း သိရသည်။

မြို့နယ်အတွင်းရှိ တောင်သူများမှာ အများအားဖြင့် မိုးနှောင်းဝါကိုသာ အဓိကထားစိုက်ပျိုးကြပြီး ယခုနှစ်တွင် မိုးနှောင်းဝါ ဧက ၂၇၇၀၀ စိုက်ပျိုးရန် လျာထားပြီး မြို့နယ်အတွင်းရှိ ရပ်/ကျေး ၃၉ အုပ်စုနှင့် ရှေ့တန်းစခန်းငါးခုတို့တွင် စိုက်ပျိုးကြမည်ဟု သိရသည်။ (၆၅၄)

# ဝန်ထမ်းသားသမီးများအား ကျောင်းသုံးစာအုပ်ပေးအပ်

**မန္တလေး မေ ၂၇**

မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာန ဝန်ထမ်းမိသားစု သားသမီး ကျောင်းသူ ကျောင်းသားများအတွက် ကျောင်းသုံးစာအုပ်(ဗလာစာအုပ်) ပေးအပ်လှူဒါန်းပွဲကို မေ ၂၁ ရက် နံနက် ၉ နာရီတွင် (၂၉)လမ်း မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ ညွှန်ကြားရေးမှူး ဦးအောင်ကျော်မြင့်က အမှာစကားပြောကြားသည်။

ထို့နောက် မန္တလေး(၃၁)လမ်းနှင့် (၈၅)လမ်းထောင့် မြို့တော်ဘီစကစ် ဦးထွန်းထွန်းမင်း၊ ဒေါ်စန်းယုမွန်မိသားစုကိုယ်စား ဦးထွန်းထွန်းမင်းက ၈၀ ပါ ဗလာစာအုပ် ဒါဇင် ၅၀၀ အား မီးသတ်ဝန်ထမ်းမိသားစု သားသမီးများအတွက် လှူဒါန်းရခြင်းကို ရှင်းလင်းပြောကြားပြီး ဗလာစာအုပ် ဒါဇင် ၅၀၀ ကို တိုင်းဒေသကြီး မီးသတ်ဦးစီးမှူးသို့ ပေးအပ်လှူဒါန်းကြောင်း သိရသည်။

အဆိုပါ စာအုပ်များကို မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်မီးသတ်ဦးစီးဌာန ဝန်ထမ်းသားသမီး ၁၁၀ အား ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။ (၃၇၈)

# ပညာသင်စရိတ်ပေးအပ်ချီးမြှင့်ပွဲအခမ်းအနား ကျင်းပ

**ရန်ကုန် မေ ၂၇**

ဝန်ထမ်းသားသမီးများနှင့် ပြင်ပမှ ပညာရေးအတွက် အကူအညီလိုအပ်သော အခြေခံပညာကျောင်းသားကျောင်းသူများ၊ တက္ကသိုလ်၊ ကောလိပ်နှင့် လူမှုရေးအသင်းအဖွဲ့များသို့ ပညာသင်စရိတ်ပေးအပ်ချီးမြှင့်ခြင်းနှင့် လစဉ်ထောက်ပံ့ကြေးပေးအပ်ခြင်း အခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ သာကေတမြို့နယ်ရှိ ရွှေပုဇွန်မင်္ဂလာခန်းမ၌ ကျင်းပသည်။ **(အောက်ပုံ)**



အခမ်းအနားတွင် Three Friends Construction Co., Ltd. မန်နေဂျင်းဒါရိုက်တာ ဦးမျိုးနိုင်က ပညာသင်စရိတ်ချီးမြှင့်ရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး ရန်ကုန်နှင့် နေပြည်တော်ရှိ အခြေခံပညာအဆင့် (ထက်/လယ်/မူ) ကျောင်းသား ကျောင်းသူ ၁၀၀၊ တက္ကသိုလ်၊ ကောလိပ်မှနှစ်ဦးနှင့် ပြင်ပလူမှုရေးအဖွဲ့အစည်း လေးဖွဲ့တို့အား ပညာသင်စရိတ်နှင့် လစဉ်ပညာသင်ထောက်ပံ့ကြေးတို့ကို ပေးအပ်ချီးမြှင့်ခဲ့သည်။

အဆိုပါ ကုမ္ပဏီသည် ကြားဖြတ်အစီအစဉ်အဖြစ် ခြောက်လတစ်ကြိမ် (သို့မဟုတ်) အခါအားလျော်စွာ ပညာသင်ထောက်ပံ့ရေးကော်မတီ၏ အဆုံးအဖြတ်ဖြင့် ပြင်ပမှ ပညာရေးအကူအညီ လိုအပ်သော ကျောင်းသား ကျောင်းသူများအား ပညာသင်ထောက်ပံ့ကြေး ပေးအပ်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပြီး ပြင်ပမှ အလှူရှင်များရှိပါကလည်း ဆက်သွယ်လက်ခံ၍ ပညာသင်စရိတ်လစဉ်ထောက်ပံ့နိုင်ရေး စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။ (ဥမ္မာ)

## ယနေ့ ဖတ်စရာ မှတ်စရာ

ဘငြိမ်းဝေ

# ကျောင်းဖွင့်ချိန် သံစဉ်နရီ

"ကျောင်းဖွင့်ချိန် . . . စိန်ပန်းတွေလည်း . . . မြေမှာကြွေပြန့်နေ. . . " ဟူသည့် ဂန္ထဝင်တေးရေးဆရာ ပုသိမ်မောင်စိမ်းသူရေးဖွဲ့ပြီး ဂန္ထဝင်တေးသံရှင်ကြီး တွံတေးသိန်းတန်သီဆိုခဲ့သော အချိန်ကာလကလေး မကြာမီရောက်ရှိပေတော့မည်။ အမှန်တကယ်လည်း စိန်ပန်းများရဲရဲနီ၍ "ထက်/လယ်/မူ" စာသင်ကျောင်းများ၏ တစ်နှစ်တာ စာသင်နှစ်၏ ရာသီတံခါးများဖွင့်ကြပေတော့မည်။

စိန်ပန်းနီသည့် ကျောင်းဖွင့်ရာသီသည် ငယ်စဉ်ကျောင်းသားဘဝက ပျော်စရာ၊ မျှော်စရာ၊ လွမ်းမောစရာ ကောင်းခဲ့သော်လည်း မိဘနေရာသို့ ရောက်ချိန်တွင်ကား နွမ်းမောစရာ ပန်းလျရာသီဖြစ်ခဲ့ရပေတော့သည်။ သားသမီးတစ်ဦးရှိလျှင် တစ်ဦး၊ နှစ်ဦးထက်ပိုလျှင်လည်း ပိုသလောက် စာရေးကိရိယာ၊ အဝတ်အဆင်တန်ဆာ စုံစီနဖာချာလည်လည်ခဲ့ရပေတော့မည်။ ဒီနှစ်မှ ကျောင်းစအပ်ရမည့် သူအတွက်လည်း အသစ်မို့ "သင့်ရာအပ် ပို့" ဆိုသလို ကျောင်းစုံစမ်းရ၊ ကြိုပို့ကိစ္စစီစဉ်ရပေသည်။ အတန်းတက်ကျောင်းသားလည်း အတန်းတက်ကျောင်းသားဖြစ်သည့်အလျောက် စီမံရပေမည်။ ထိုသည်တို့ကား အချိန်ရာသီ နရီကိုက် နှစ်စဉ်နှစ်စဉ် မြင်နေ၊ တွေ့နေ၊ ကြုံနေကျမြင်ကွင်းများပင်ဖြစ်တော့သည်။

မီဒီယာခေတ်၏ ဂျာနယ်အယ်ဒီတာချုပ် သားတော်မောင်က မြေးအတွက် ကျောင်းအပ်ဖို့ကိစ္စ လှမ်းတိုင်ပင်သည်။ ဟိုကျောင်း. . သည်ကျောင်း. . ။ ဟိုကျောင်း နာမည်ကြီးသည်၊ သည်ကျောင်းက ဘယ်သို့ ဘယ့်နှယ်စသည်ဖြင့် ဆွေးနွေးအသိပေးသည်။ ခပ်ပြုံးပြုံးဖြင့် အလွယ်တကူပင် အဖြေပေးမိသည်။ "သားမောင် လူကလေး ရွှေသွေး၊ အဘယ်မည်သော အမောင်သည်ပင် သာမန်ဝန်ထမ်းလိုင်းခန်းတွင် လူလားမြောက်၍ သာမန်ဆင်ခြေဖုံးမြို့ကလေးရှိ မြို့နယ်အဆင့်သာမန်ကျောင်းများတွင် ပညာရင်နို့သောက်စို့ပြီး အနီ့ဘဝ။ ဤအခြေရောက်ခဲ့သည် မဟုတ်တုံလော. . ။ သည့်ထက်ပို၍ဆိုရလျှင် အမောင်၏ ကံ၊ ဉာဏ်၊ ဝီရိယ၊ ဇွဲ၊ လုံ့လကြောင့်၊ ဆရာသမားမိဘဂုဏ်ကျေးဇူးကြောင့် အနီ့ဘဝ ဤဘဝတိုင်ခဲ့သော်လည်း အမောင်၏ ပညာရေးခရီးတွင် အမောင်သည် ပုံမှန်အဆင့်မျှဖြင့်သာ ဖြတ်သန်းခဲ့ရသည်မဟုတ်တုံလော။ အမောင့်အား နာမည်ကြီးကျောင်းများတွင် ရွေးချယ်ပံ့ပိုးအပ်နှံနိုင်သော အင်အား၊ အကျွန့်တွင် မရှိခဲ့။ ထိုနည်းနှင်နှင် အမောင့်ထံမှလည်း အတန်းစဉ်ထူးချွန်တို့၊ အတန်းစဉ် "one to ten"သို့ဝင်ရန် မျှော်လင့်နိုင်အားလည်း အကျွန့်တွင်မရှိ။ အကျွန်လည်း သည်သို့သည်နှယ်ပင် ရှန်းကန်သင်ကြားခဲ့ရဖူးသည်ပင်. . ။

ထိုအဖြေကို သားဖြစ်သူက ကျေနပ်သွားပုံရ၏။ ကျောင်းကိစ္စထပ်မံ၍ မဆွေးနွေးတော့ပေ။ ကျောင်းဖွင့်ရာသီတိုင်း ကျောင်းစတက်မည့် ကျောင်းသားများအတွက် ထိုကိစ္စမကြာခဏကြုံရကြားရသည်။ ဟိုကျောင်းမှ. . သည်ကျောင်းမှ ဆိုသည့်အသံများဖြစ်သည်။ တတ်နိုင်သရွေ့ တတ်နိုင်သလို ချဲ့ကားကြခြင်းဖြစ်သည်။ ကျောင်းနေဖူးသော်လည်း သမိုင်းမကျေခဲ့သူများဟုပင် ဆိုရမည်လားမသိ။ ကမ္ဘာမှာ. . မြန်မာမှာ ထူးချွန်ထက်မြက်သူ၊ ထင်ရှားကျော်ကြားသူများ ရာစုသည် အနီ့ကျောင်း၊ ထိုကျောင်းထွက်များမဟုတ်ခဲ့၊ အခြေခံပညာကို သာမန်တောကျောင်း၊ ရွာကျောင်း၊ မြို့နယ်ကျောင်းများမှ ပေါက်မြောက်ထွန်းတောက်ခဲ့ကြသူချည်းပင်။

ပညာရေးတွင် အရေးကြီးသည်ကား"သင်ကြားခွင့်ရသည့် ကျောင်း၊ သင်ကြားပေးသည့်ဆရာနှင့် သင်ကြားခံရသူတပည့်" သုံးနားညီဖို့ပင်။ ကျောင်းအဘယ်မျှကောင်းကောင်း၊ ကျွမ်းကျင်ကျေပွန်စွာသင်ကြားပေးနိုင်သူ ဆရာမရှိလျှင် အချည်းအနှီး။ ကျောင်းကောင်း၊ ဆရာကောင်းသော်လည်း သင်ကြားခံတပည့်ကိုယ်၌က ပညာနို့သက်ခံယူလိုစိတ်မရှိလျှင် အလဟဿပင်ဖြစ်ပေတော့သည်။ ကျောင်းက နာမည်ကြီးလေ ဗာဟီရကိစ္စတွေများပြီး သင်ကြားရေးလျော့လေဖြစ်သည်။ လူသိနည်းလေ ဗာဟီရမရှုပ်လေ. . စာသင်ချိန်ပိုရလေဖြစ်သည်။

ကျောင်းဖွင့်ချိန်ကားနီးပြီ. . ။ စိန်ပန်းနီလည်းပွင့်ခဲ့ပြီ။ ပညာရေး ကျောင်းမရွေးစေလိုပါ။ ပညာရေး ဆရာ မရွေးစေလိုပါ။ စာသင်သော ကျောင်းတိုင်းသည် ကျောင်းကောင်းများဖြစ်ကြ၍ စာသင်ကြားပေးနေကြသော အာစရိယနွယ်ဝင် ဆရာ ဆရာမတိုင်းသည်လည်း ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ နာသုံးနာနှင့် ပြည့်စုံကြသည့် ဆရာကောင်း ဆရာမကောင်းများဖြစ်ကြသည်ဟုသာ မှတ်ယူယုံကြည်သင့်ကြပေတော့သည်။ ။

စာအုပ်စာပေ လှူမိတ်ဆွေ

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

**၂၈-၅-၂၀၁၂ (တနင်္လာနေ့)**
**(၁၃၇၄ ခုနှစ်၊ နယုန်လဆန်း (၈)ရက်၊ ဥပုသ်နေ့)**

**နံနက်ပိုင်း**

၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်

**ညပိုင်း**

၄း၃၀ ၁။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -စတုတ္ထနှစ် ( ဥပဒေပညာအထူးပြု ) ( အင်္ဂလိပ်စာ )
၆း၂၀ ၂။ ဆိုကြမယ်၊ ပျော်ကြမယ်
၇း၀၀ ၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ဖေဖေ့သမီး"**(အပိုင်း- ၆)
၈း၀၀ ၄။ ပြည်တွင်းသတင်း
၅။ ကမ္ဘာကျော်သရုပ်ဆောင်များ
၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ရှုမငြီးတဲ့ချစ်သမီး"** (အပိုင်း-၉)
၇။ အိန္ဒိယရုပ်ရှင် **"ကိုယ်သာကိုယ့်ရဲ့ကိုးကွယ်ရာ"** (အပိုင်း-၂)

# မိတ္ထီလာတွင် ဖိုးရာဇာစာကြည့်တိုက်အဆောက်အအုံသစ် လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကျင်းပ

**မိတ္ထီလာ မေ ၂၇**

မိတ္ထီလာတွင် အလှူရှင်ဆောက်လုပ်လှူဒါန်းသည့် ဖိုးရာဇာစာကြည့်တိုက်အဆောက်အအုံသစ် လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို မေ ၂၆ နံနက် ၉ နာရီတွင် အိုင်ကြီးလည်ကျေးရွာ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဆွေ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးအောင်လံနှင့် အလှူရှင်ဦးတင်မောင်တို့က စာကြည့်တိုက်အဆောက်အအုံသစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(အောက်ပုံ)**



ယင်းစာကြည့်တိုက်အဆောက်အအုံသစ်မှာ အလျား ၂၄ ပေ၊ အနံ ၁၂ ပေ၊ သွပ်မိုး၊ အုတ်ကာအမျိုးအစားဖြစ်ပြီး တန်ဖိုးငွေကျပ် ၂၆ သိန်းဖြင့် အလှူရှင်က ဆောက်လုပ်လှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။ (၅၇၉)



**ရန်ကုန်မြို့ သာကေတမြို့နယ် (၃)ရပ်ကွက် ရန်ပြေ(၉)လမ်းနေ ဦးရွှေထွန်း-ဒေါ်ဖြူမိသားစုက (ကိုမြတ်စိုး) M.S စတိုး သိမ်ကြီးဈေး ဒီရုံ ရန်ကုန်၏ (၁၁)နှစ်ပြည့်အား ရည်စူး၍ ဦးလှထွန်း မေတ္တာရိပ်မွန် ကင်ဆာဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ) ဗဟိုသို့ အလှူငွေကျပ် နှစ်သိန်းလှူဒါန်းရာ အုပ်ချုပ်ရေးမှူး ဦးပြုံးလက်ခံစဉ်။**

(ကြေးမုံ)

# ယူရေနီယံသန့်စင်မှု ရပ်ဆိုင်းရန် အကြောင်းမရှိဟု အီရန်ပြောကြား

တီဟီရန် မေ ၂၇

**နိုင်ငံတကာ အဏုမြူစွမ်းအင်အေဂျင်စီနှင့် ကမ္ဘာ့အင်အားကြီးခြောက်နိုင်ငံတို့၏ တောင်းဆိုချက်ကို ဖီဆန်၍ ယူရေနီယံသန့်စင်မှုကို ရပ်ဆိုင်းရန်နှင့် ပါချင်စက်ရုံကို ဝင်ရောက်စစ်ဆေးခွင့်ပြုရန် အီရန်နိုင်ငံက ငြင်းပယ်လိုက်ကြောင်း တနင်္ဂနွေနေ့ ရိုက်တာသတင်းတွင် ဖော်ပြထားသည်။**

အီရန်နိုင်ငံ၏ အငြင်းပွားဖွယ် နျူကလီးယားအစီအစဉ်အပေါ် ဆွေးနွေးပွဲတွင် အနောက်အုပ်စု၏ အဓိကတောင်းဆိုချက်များအနက်မှ တစ်ခုကို ငြင်းဆိုခြင်းဖြစ်သည်ဟု ယူဆရကြောင်း၊ ယူရေနီယံကို ၂၀ ရာခိုင်နှုန်း သန့်စင်ခြင်းအား ရပ်ဆိုင်းရန်အကြောင်းမရှိဟု အီရန်ထိပ်တန်းတာဝန်ရှိသူတစ်ဦးက ပြောကြားကြောင်း အေအက်ဖ်ပီသတင်းဌာနက တနင်္ဂနွေနေ့တွင် ဖော်ပြသည်။



သန့်စင်ပြီးယူရေနီယံကို လျှပ်စစ်ဓာတ်အားပေးစက်ရုံများတွင် လောင်စာအဖြစ်အသုံးပြုနိုင်သကဲ့သို့ နျူကလီးယားဗုံးထုတ်လုပ်ရာတွင်လည်း အသုံးပြုနိုင်သည်။

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်၌ ယခုသီတင်းပတ်အတွင်း ကျင်းပခဲ့သည့်ဆွေးနွေးပွဲ၌ ယူရေနီယံသန့်စင်ခြင်းကို ရပ်ဆိုင်းရန် အီရန်နိုင်ငံအား အနောက်အုပ်စုက ဆွဲဆောင်မှုမပြုလုပ်နိုင်ခဲ့ပေ။

ကမ္ဘာ့ရေနံထောက်ပံ့ရေးလမ်းကြောင်းကို အတားအဆီးဖြစ်စေမည့် အရှေ့အလယ်ပိုင်း စစ်ပွဲသစ်ဖြစ်လာနိုင်သော ဆယ်စုနှစ်ကြာ လိပ်ခဲတည်းလည်း အီရန်နိုင်ငံ၏ နျူကလီးယားအစီအစဉ်ပြဿနာကို ဖြေရှင်းရန် ကြိုးစားသည့်အနေဖြင့် လာမည့်လတွင် မော်စကို၌ နောက်ထပ်ဆွေးနွေးပွဲ ကျင်းပမည်ဖြစ်သည်။

တီဟီရန်မြို့၏ အရှေ့တောင်ဘက်ရှိ ပါချင်သည် စစ်ဘက်ဆိုင်ရာ နယ်မြေဖြစ်၍ ဝင်ရောက်ခွင့်ပြုရန် ငြင်းဆိုထားကြောင်း အီရန်တာဝန်ရှိသူများက ပြောကြားသည်။ ***အင်တာနက်။***



**အီရန် ယူရေနီယံသန့်စင်စက်ရုံ၏ လုပ်ငန်းခွင်တစ်နေရာကို တွေ့ရစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*

# အမေရိကန်ပြည်ထောင်စုတွင် လေယာဉ်တစ်စင်းပျက်ကျ လေးဦးသေဆုံး

**လော့စ်အိန်ဂျလိစ် မေ ၂၇**

အမေရိကန်ပြည်ထောင်စု အနောက်ပိုင်းရှိ ယူတားပြည်နယ်မှ မြို့တော်ဆိုင်ရာလေဆိပ်အနီးတွင် မေ ၂၆ ရက်က လေယာဉ်ငယ်တစ်စင်းပျက်ကျရာ လေယာဉ်ပေါ်ပါ လူလေးဦးစလုံး သေဆုံးကြောင်း မေ ၂၇ ရက်သတင်းတွင် ဖော်ပြသည်။

အင်ဂျင်တစ်လုံးတပ် ဆက်စနာ-၁၇၂ အမျိုးအစားလေယာဉ်သည် စိန့်ဂျော့ချ်လေဆိပ်မှ ဒေသစံတော်ချိန် နံနက် ၆ နာရီခန့်တွင် လေယာဉ်ပြေးလမ်းမှ ပျံတက်ပြီး ပေ ၄၀၀ ခန့်အရောက်တွင် ပျက်ကျသွားခြင်းဖြစ်ကြောင်း ဒေသဆိုင်ရာ ရုပ်မြင်သံကြားသတင်းဌာနက ဖော်ပြသည်။

လေဆိပ်ဝန်ထမ်းများက လေယာဉ်အပျက်အစီးများအား ပုံမှန်လုံခြုံရေးစစ်ဆေးမှုပြုလုပ်စဉ်တွေ့ရှိရကြောင်း စိန့်ဂျော့ချ်မြို့မှ ပြောခွင့်ရပုဂ္ဂိုလ်က ပြောကြားသည်။ လေယာဉ်အတက်သို့မဟုတ် အဆင်းတွင်ပျက်ကျခြင်းဟုတ်၊ မဟုတ် မသေချာဟု ဆိုသည်။

အဆိုပါ စိန့်ဂျော့ချ်လေယာဉ်ကွင်းဖွင့်လှစ်ပြီး လည်ပတ်မှုမှာ တစ်နှစ်ခွဲခန့်သာရှိသေးကြောင်း၊ လေဆိပ်သစ်ဖြစ်၍ ရေဒီယိုဆက်သွယ်ရေးမျှော်စင် မရှိသည့်အတွက် လေယာဉ်မှူးများအနေဖြင့် တစ်ဦးနှင့်တစ်ဦး ဆက်သွယ်ရန်စနစ် တပ်ဆင်ထားခြင်းလည်းမရှိကြောင်း လေယာဉ်အတက်အဆင်းများတွင် အလိုအလျောက်စက်များဖြင့်သာ ဆက်သွယ်၍ရကြောင်း တာဝန်ရှိပုဂ္ဂိုလ်က ပြောကြားသည်။ ***ဆင်ဟွာ။***



**လက်နက်များ တင်ဆောင်၍ ဆီးရီးယားသို့ ဦးတည်ခုတ်မောင်းမည့် ရုရှားကုန်သင်္ဘောကိုတွေ့ရစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*

# လက်နက်တင်ရုရှားသင်္ဘော ဆီးရီးယားသို့ဦးတည်

**ကုလသမဂ္ဂ မေ ၂၇**

လက်နက်များတင်ဆောင်ထားသည့် ရုရှားကုန်သင်္ဘောတစ်စင်းသည် ဆီးရီးယားနိုင်ငံသို့ ဦးတည်ခုတ်မောင်းလျက်ရှိပြီး ယခုသီတင်းပတ်ကုန်တွင် ဆီးရီးယားဆိပ်ကမ်းသို့ ဆိုက်ရောက်မည်ဖြစ်ကြောင်း အယ်လ်အာရေးဗီးယား ရုပ်မြင်သံကြားက ကြေညာခဲ့သည်။

နယူးယောက်မြို့ရှိ အနောက်အုပ်စု သံတမန်များက အဆိုပါသတင်းမှာ ယုံကြည်ရဖွယ်ရှိသည်ဟု မေ ၂၅ ရက်က ပြောကြားခဲ့သည်။ ဆီးရီးယားနိုင်ငံသည် ရုရှားနိုင်ငံ၏ အဓိကလက်နက် ဖောက်သည်နိုင်ငံများအနက်မှ တစ်နိုင်ငံဖြစ်သည်။

ဆီးရီးယားနိုင်ငံတွင် နိုင်ငံရေးမတည်မငြိမ်ဖြစ်နေသည့်အတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီက ယင်းနိုင်ငံအား လက်နက်ရောင်းချပေးခြင်းကို ပိတ်ပင်တားမြစ်ရန် အမေရိကန်ပြည်ထောင်စုနှင့် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများက အကြံပြုခဲ့ကြသည်။

ဆီးရီးယားနိုင်ငံကို ကုလသမဂ္ဂကအရေးယူရန် လုံခြုံရေးကောင်စီကဆုံးဖြတ်ချက်ချမှတ်ခြင်းအား ဗီတိုအာဏာသုံးပိုင်ခွင့်ရှိသော တရုတ်နိုင်ငံ၏ ထောက်ခံမှုဖြင့် ရုရှားနိုင်ငံက တားဆီးခဲ့သည်။ ၎င်းအပြင် ဒမတ်စကတ်သို့ လက်နက်များ ရောင်းချခြင်းအား ရပ်ဆိုင်းရန်ကိုလည်း ငြင်းဆိုခဲ့သည်။

လက်နက်အမြောက်အမြားတင်ဆောင်လာသော ရုရှားကုန်သင်္ဘောတစ်စင်းသည် ဆီးရီးယားဆိပ်ကမ်း တာတပ်မြို့၌ ဆိုက်ကပ်ပြီး ယင်းလက်နက်များကိုချပေးရန် စီစဉ်ထားကြောင်း အယ်လ်အာရေးဗီးယား ရုပ်မြင်သံကြားလိုင်းက ၎င်း၏ ဝက်ဘ်ဆိုက်တွင် မေ ၂၄ ရက်က တင်ထားသည်။ ***အင်တာနက်။***

# ပါကစ္စတန် အနောက်တောင်ပိုင်းတွင် တိုက်ခိုက်မှုဖြစ် လူနှစ်ဦးထက်မနည်း သေဆုံး၊ ၂၀ ဒဏ်ရာရ

**ကွီတာ မေ ၂၇**

ပါကစ္စတန်နိုင်ငံအနောက်တောင်ပိုင်းရှိ ဘလူချီစတန်ပြည်နယ်မှ တည်ငြိမ်မှုကင်းမဲ့နေသော ကွီတာမြို့တွင် သီးခြားနှစ်နေရာ၌ ဗုံးကျည်ဖြင့် တိုက်ခိုက်ခံရသဖြင့် လူနှစ်ဦးထက်မနည်း သေဆုံးပြီး ၂၀ ခန့် ဒဏ်ရာရရှိကြောင်း မေ ၂၇ ရက်သတင်းတွင် ဖော်ပြသည်။

ကွီတာမြို့ရှိ လူစည်ကားသော ဈေးတစ်ဈေးအား စစ်သွေးကြွဟု ယူဆရသူများက ဗုံးလက်နက်ဖြင့် ပစ်ခတ်ရာ (၁၇)နှစ်အရွယ် လူငယ်တစ်ဦးအပါအဝင် လူနှစ်ဦးသေဆုံးပြီး ၁၇ ဦး ဒဏ်ရာရရှိကြောင်း ရဲအရာရှိတစ်ဦးက ပြောကြားသည်။

**ပစ်မှတ်ထား**

ဒုတိယပစ်ခတ်သော ဗုံးကျည်မှာ ခရစ်ယာန်ဘာသာဝင်များ နေထိုင်ရာရပ်ကွက်ကို ပစ်မှတ်ထားပစ်ခတ်ရာ မိသားစုဝင်သုံးဦး ဒဏ်ရာရရှိခဲ့သည်။

ယင်းတိုက်ခိုက်မှုများသည် မည်သည့်အုပ်စု၏လက်ချက်ဖြစ်ကြောင်း သေချာစွာ မပြောကြားနိုင်သော်လည်း ခွဲထွက်ရေးဝါဒီ စစ်သွေးကြွများလက်ချက်ဟု အခိုင်အမာ ပြောကြားနိုင်ကြောင်း သတင်းတွင်ဖော်ပြသည်။

လွန်ခဲ့သော လအနည်းငယ်ခန့်က ဘလူချီစတန်ပြည်နယ်ရှိ နေရာအချို့တွင် စစ်သွေးကြွများက ဓာတ်ငွေ့ပိုက်လိုင်းများနှင့် လျှပ်စစ်ဓာတ်အားတိုင် ဒါဇင်ချီ၍ ဖျက်ဆီးခဲ့ကြသည်။ ***အင်တာနက်။***

**ဗုံးကျည်ဖြင့် ပစ်ခတ်ခံရပြီးနောက် အပျက်အစီးများကို တွေ့ရစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*



# ချီလီနှင့် ပီရူးနိုင်ငံနယ်စပ်တွင် ကားတစ်စီး မြေမြှုပ်မိုင်းထိ၍ တစ်ဦးသေဆုံး

**ဆန်ဒီယေဂို မေ ၂၇**

ပီရူးလူမျိုး ယာဉ်မောင်းတစ်ဦး မောင်းနှင်လာသော ကားတစ်စီးသည် ချီလီနိုင်ငံမြောက်ပိုင်းဒေသတွင် မြေမြှုပ်မိုင်းထိမှန်ခဲ့ရာ အဆိုပါယာဉ်မောင်းမှာသေဆုံးသွားကြောင်း မေ ၂၇ ရက် အင်တာနက်သတင်းတွင် ဖော်ပြသည်။

ပီရူးနိုင်ငံမှ အငှားယာဉ်နံပါတ်ပြားတပ်ဆင်ထားသည့် ယင်းကားသည် မေ ၂၆ ရက်ညပိုင်းတွင် ချီလီနိုင်ငံ အရီကာနှင့် ပါရီနာကိုတာဒေသအတွင်းသို့ နယ်ခြားကို တရားမဝင်ဖြတ်ကျော်ဝင်ရောက်စဉ် ယင်းသို့ဖြစ်ပွားခြင်းဖြစ်ကြောင်း ချီလီစစ်ဘက်က ပြောကြားသည်။

အဆိုပါကားသည် တင့်ကားဖျက်မိုင်းများ မြှုပ်နှံထားရာသို့ အမှတ်တမဲ့ ဝင်ရောက်ခဲ့ခြင်းဖြစ်ပြီး ကားမှာ မိုင်းပေါက်ကွဲမှုကြောင့် ပျက်စီးသွားခဲ့ကြောင်း သတင်းတွင် ဖော်ပြထားသည်။

၁၉၇၀ ပြည့်လွန်နှစ်များက ဖြစ်ပေါ်ခဲ့သော ပီရူးနှင့်ချီလီနှစ်နိုင်ငံတင်းမာမှုများကတည်းကပင် ချီလီနိုင်ငံ နယ်စပ်တစ်လျှောက်တွင် ထောင်နှင့်ချီသော မြေမြှုပ်မိုင်းများ ခင်းထားခဲ့ခြင်းဖြစ်သည်။

ချီလီအစိုးရရှေ့နေ ပါတရီစီအိုအက်စ်ပီနိုဇာက သေဆုံးခဲ့သူ ယာဉ်မောင်းမှာ ပီရူးနိုင်ငံသားဖြစ်ကြောင်း အတည်ပြုခဲ့သော်လည်း ၎င်းမှာ မည်သူမည်ဝါဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခြင်း မရှိပေ။ ***အင်တာနက်။***



**မိုင်းထိ၍ပျက်စီးသွားသော ကားကို သယ်မနေစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*

# အင်ဒိုနီးရှားနိုင်ငံ၌ သစ်တောပြုန်းတီးမှုနှုန်း သိသိသာသာလျော့ကျလာ

**ဂျကာတာ မေ ၂၇**

အင်ဒိုနီးရှားနိုင်ငံ၌ သစ်တောပြုန်းတီးမှုနှုန်း မြင့်တက်နေသည်ဆိုသော စွပ်စွဲချက်မှာ မှန်ကန်ခြင်းမရှိကြောင်း အစိုးရအဖွဲ့က မေ ၂၄ ရက်တွင် ပြောကြားလိုက်သည်။

အင်ဒိုနီးရှားနိုင်ငံ၌ လွန်ခဲ့သည့် နှစ်နှစ်တာကာလအတွင်း သစ်တောပြုန်းတီးမှုနှုန်း သိသိသာသာကျဆင်းသွားခဲ့ကြောင်း သစ်တောရေးရာဝန်ကြီး ဇူလ်ကီဖီဟက်ဆန်က ပြောကြားသည်။ အင်ဒိုနီးရှားနိုင်ငံရှိ သစ်တောများသည် ၁၉၉၆ခုနှစ်နှင့် ၂၀၀၃ ခုနှစ်အကြားကာလတွင် တစ်နှစ်လျှင် ဟက်တာ ၃ဒသမ ၅သန်းနှုန်းအထိ ပြုန်းတီးသွားခဲ့ကြောင်း၊ ၂၀၀၉ ခုနှစ်နှင့် ၂၀၁၁ခုနှစ်အကြားကာလတွင် တစ်နှစ်လျှင် ဟက်တာ ၄၅၀၀၀၀ ပြုန်းတီးမှုနှုန်းနှင့် နှိုင်းယှဉ်ကြည့်နိုင်ကြောင်း ဝန်ကြီးက ပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံ၌ သစ်ခုတ်လှဲထုတ်လုပ်မှုမပြုလုပ်ရန် အစိုးရက ပိတ်ပင်ထားသဖြင့် သစ်တောပျက်စီးမှုနှုန်းကို သိသိသာသာလျှော့ချနိုင်ခဲ့ကြောင်း ဝန်ကြီး၏ပြောကြားချက်ကို ကိုးကားလျက် ဂျကာတာ ဂလုပ်သတင်းစာက ရေးသားဖော်ပြသည်။ သစ်တောစိုက်ခင်းများ ထူထောင်ခြင်းလုပ်ငန်းနှင့် စက်မှုလုပ်ငန်းသုံးသစ်တောများ ထူထောင်ရေးလုပ်ငန်းတို့၌ ရင်းနှီးမြှုပ်နှံမှုများ ထိခိုက်မှုမရှိကြောင်း ၎င်းကပြောကြားသည်။ ***ဆင်ဟွာ။***



## ပိုင်ဆိုင်ခွင့်အငြင်းပွားနေသော ကျွန်းအတွက်မိုးလေဝသ ခန့်မှန်းချက် တရုတ်ထုတ်ပြန်

**မနီလာ မေ ၂၇**

တောင်တရုတ်ပင်လယ်တွင်းရှိ စကားဘရော့ရှိုးရယ်ကျွန်း ပိုင်ဆိုင်ခွင့်ဆိုင်ရာ တရုတ်နှင့် ဖိလစ်ပိုင်အကြား အငြင်းပွားမှုသည် သံခင်းတမန်ခင်းနယ်ပယ်မှသည် မိုးလေဝသနှင့် ဇလဗေဒနယ်ပယ်အထိတိုင် ကျယ်ပြန့်လာဖွယ်ရှိကြောင်း မေ ၂၇ ရက် သတင်းများတွင် ဖော်ပြထားသည်။

တရုတ်နှင့် ဖိလစ်ပိုင်အကြား ပိုင်ဆိုင်ခွင့်အငြင်းပွားနေသော စကားဘရော့ရှိုးရယ်ကျွန်းအပါအဝင် တောင်တရုတ်ပင်လယ်အတွင်းရှိ ကျွန်းအချို့အတွက် မိုးလေဝသခန့်မှန်းချက်များအား စတင်ထုတ်ပြန်ပေးနေပြီဖြစ်ကြောင်း တရုတ်နိုင်ငံက တနင်္ဂနွေနေ့တွင် ပြောကြားခဲ့သည်။

တရုတ်နိုင်ငံ ဟိုင်နန်ပြည်နယ်ရှိ မိုးလေဝသဗျူရိုသည် တောင်တရုတ်ပင်လယ်အတွင်းရှိ ယုံရှင်းကျွန်း၊ ဟွမ်ယန်းကျွန်း (စကားဘရော့ရှိုးရယ်) **(အပေါ်ပုံ)**နှင့် ယောင်ရှုအမည်ရှိ သန္တာကျွန်း တစ်ကျွန်းအတွက် မိုးလေဝသခန့်မှန်းချက်များအား မေ ၁၆ ရက်မှ စ၍ ထုတ်ပြန်ပေးလျက်ရှိကြောင်း တရုတ်အစိုးရဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။

ရေပြင်အတွင်း သွားလာနေသော ရေယာဉ်များနှင့် ကမ်းလွန်ရေနံတူးဖော်ရေးလုပ်ငန်းများ၏ ဘေးအန္တရာယ်လုံခြုံရေးအတွက် တောင်တရုတ်ပင်လယ်ဒေသ၌ မိုးလေဝသခန့်မှန်းချက်များ ပိုမိုထုတ်ပြန်ပေးရန် လိုအပ်ကြောင်း ဟိုင်နန်ပြည်နယ် မိုးလေဝသဌာန တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

တောင်တရုတ်ပင်လယ်ဒေသအတွက် မိုးလေဝသခန့်မှန်းချက်များ တိုးချဲ့ထုတ်လွှင့်လာခြင်းသည် ပိုင်ဆိုင်ခွင့် အငြင်းပွား စကားဘရော့ရှိုးရယ်ကျွန်း၏အချုပ်အခြာကို တရုတ်နိုင်ငံကသာ ပိုင်ဆိုင်ကြောင်း ပြသသည့် ကြိုးပမ်းမှုတစ်ရပ်ဖြစ်ဖွယ်ရှိသည်။

စကားဘရော့ရှိုးရယ် ကျွန်းပိုင်ဆိုင်ခွင့်အရေးနှင့် ပတ်သက်၍ တရုတ်နှင့် ဖိလစ်ပိုင်တို့အကြား ဆက်ဆံရေးတင်းမာလျက်ရှိရာ ယင်းပြဿနာအား ဖြေရှင်းနိုင်ရေးအတွက် သံတမန်နည်းအရ ကြိုးပမ်းနေကြဆဲဖြစ်သည်။

***အင်တာနက်။***

## တစ်ကမ္ဘာလုံးဆိုင်ရာ ပျမ်းမျှအပူချိန် အန္တရာယ်အဆင့်ထက် ကျော်လွန်လာနိုင်

**ဘွန်း မေ ၂၇**

တစ်ကမ္ဘာလုံးဆိုင်ရာ ပျမ်းမျှအပူချိန်သည် ၃ ဒသမ ၅ ဒီဂရီ ဆဲလ်စီးယပ်စ် (၆ ဒသမ ၃ ဒီဂရီ ဖာရင်ဟိုက်)ထက် ကျော်လွန်လာနိုင်ရာ နောက်ဆက်တွဲဆိုးကျိုးများအဖြစ် မိုးခေါင်ခြင်း၊ ရေလွှမ်းမိုးခြင်းနှင့် ပင်လယ်ရေမျက်နှာပြင်မြင့်တက်ခြင်း စသော ပြဿနာများကို ပိုမိုရင်ဆိုင်ရနိုင်ကြောင်း ရာသီဥတုဆိုင်ရာ သိပ္ပံပညာရှင်များက မေ ၂၅ ရက်တွင် ပြောကြားခဲ့သည်။

ရာသီဥတုပြောင်းလဲမှုကို ထိန်းချုပ်နိုင်ရေးအတွက် တစ်ကမ္ဘာလုံး ဆိုင်ရာပျမ်းမျှအပူချိန်ကို စက်မှုခေတ်မတိုင်မီ အပူချိန်ဖြစ်သည့် ၂ ဒီဂရီ ဆဲစီးယပ်စ်၌ ကန့်သတ်ထားနိုင်ရန် ကုလသမဂ္ဂက ရည်မှန်းထားသည်။

တစ်ကမ္ဘာလုံးဆိုင်ရာ ပျမ်းမျှအပူချိန်သည် လွန်ခဲ့သည့် ခြောက်လခန့်က သတ်မှတ်ခဲ့သော အန္တရာယ်အပူချိန်အဆင့် ၃ ဒသမ ၅ ဒီဂရီ ဆဲလ်စီးယပ်စ်ကို ကျော်လွန်သွားနိုင်ကြောင်း သိပ္ပံပညာရှင်များက သုံးသပ်ထားသည်။

ဖန်လုံအိမ် အာနိသင်ရှိ ဓာတ်ငွေ့များ ထုတ်လွှတ်မှု လျှော့ချရေး ကတိကဝတ်ကို ကမ္ဘာ့နိုင်ငံများအားလုံးက ဖြည့်ဆည်းပေးနိုင်မည့် ကာလအပေါ် အခြေခံ၍ ၃ ဒသမ ၅ ဒီဂရီ ဆဲလ်စီးယပ်စ်ကို အန္တရာယ်အဆင့် ပျမ်းမျှအပူချိန်အဖြစ် ခန့်မှန်းထားခြင်းဖြစ်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

သို့ရာတွင် လက်ရှိကာလ ဖန်လုံအိမ်အာနိသင်ရှိ ဓာတ်ငွေ့များထုတ်လွှတ်မှု အခြေအနေအရ ကမ္ဘာလုံးဆိုင်ရာ ပျမ်းမျှအပူချိန်သည် ၃ ဒသမ ၅ ဒီဂရီ ဆဲလ်စီးယပ်စ်ထက် ကျော်လွန်သွားနိုင်ပြီး မည်၍မည်မျှအထိ ကျော်လွန်မည်ကို ခန့်မှန်း၍ မရနိုင်သေးကြောင်း သိပ္ပံပညာရှင်များက ပြောကြားခဲ့သည်။

လေ့လာချက်များအရ ကမ္ဘာ့နိုင်ငံများသည် ကာဗွန်ဒိုင်အောက်ဆိုဒ်နှင့် မီသိန်းဓာတ်ငွေ့များအပါအဝင် ဖန်လုံအိမ်အာနိသင်ရှိ ဓာတ်ငွေ့တန်ချိန် ၄၈ ဘီလီယံကို နှစ်စဉ်ထုတ်လွှတ်နေကြောင်း သိရသည်။

***အင်တာနက်။***



**တစ်ကမ္ဘာလုံးဆိုင်ရာ အပူချိန်မြင့်တက်မှု၏ အဓိက အကြောင်းတရားဖြစ်သော ဖန်လုံအိမ်အာနိသင်ရှိ ဓာတ်ငွေ့များကို စက်မှုလုပ်ငန်းများမှ ဤသို့ထုတ်လွှတ်သည်။**

## ဂျာမနီ၏ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံများ တစ်နာရီလျှင် ၂၂ ဂီဂါဝပ်အထိ ကမ္ဘာ့စံချိန်တင် ထုတ်လုပ်ပေးနိုင်



**ဂျာမနီနိုင်ငံရှိ နျူကလီးယား စွမ်းအင် အစားထိုး နေရောင်ခြည် အသုံးပြု လျှပ်စစ်ဓာတ်အားပေး စက်ရုံမှ ဆိုလာပြားများကို တွေ့ရစဉ်။**

**မြူးနစ် မေ ၂၇**

ဂျာမနီနိုင်ငံမှ နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံများသည် မေ ၂၅ နှင့် ၂၆ ရက် နေ့လယ်ပိုင်းကာလများအတွင်း ကမ္ဘာ့စံချိန်တင် ထုတ်လုပ်မှုအဖြစ် တစ်နာရီလျှင် လျှပ်စစ်ဓာတ်အား ၂၂ ဂီဂါဝပ်ကို ထုတ်လုပ်ပေးနိုင်ခဲ့ကြောင်း မေ ၂၆ ရက်သတင်းများတွင် ဖော်ပြထားသည်။

အထက်ပါ လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုပမာဏသည် နျူကလီးယားစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံအလုံး ၂၀ က တစ်နာရီကြာ အင်အားပြည့် လည်ပတ်ထုတ်လုပ်နိုင်သည့် ဓာတ်အားပမာဏနှင့် ညီမျှကြောင်း သိရသည်။

လွန်ခဲ့သည့်နှစ်က ဂျပန်နိုင်ငံတွင် ဖူကူရှီးမား နျူကလီးယား ကပ်ဘေး ပေါ်ပေါက်ခဲ့ပြီးနောက် ဂျာမန်အစိုးရသည် နျူကလီးယားစွမ်းအင် အသုံးပြုမှုကို စွန့်လွှတ်ရန်ဆုံးဖြတ်ခဲ့ပြီး နျူစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ ရှစ်ရုံအား မဆိုင်းမတွ ပိတ်သိမ်းခဲ့ကာ ကျန်ကိုးရုံအား ၂၀၂၂ ခုနှစ်အရောက်၌ ပိတ်သိမ်းရန် စီစဉ်ထားသည်။

နျူကလီးယားစွမ်းအင်နေရာတွင် လေ၊ နေရောင်ခြည်နှင့် ဇီဝလောင်စာကဲ့သို့သော ပြန်လည်ဖြည့်ဖြိုးမြဲ စွမ်းအင်အရင်းအမြစ်များဖြင့် အစားထိုးရန် ဂျာမနီအစိုးရက စီစဉ်ထားသည်။

မေ ၂၆ ရက်တွင် နေရောင်ခြည်မှ ထုတ်ယူရရှိသည့် လျှပ်စစ်ဓာတ်အားကို တစ်နာရီလျှင် ၂၂ ဂီဂါဝပ်အထိ နိုင်ငံ၏ ဓာတ်အားဖြန့်ဖြူးမှုကွန်ရက်အတွင်း ထည့်သွင်းပေးနိုင်ခဲ့ရာ နေ့လယ်ပိုင်း လျှပ်စစ်ဓာတ်အားလိုအပ်ချက် ၅၀ ရာခိုင်နှုန်းနီးပါးအား ဖြည့်ဆည်းပေးနိုင်ခဲ့ကြောင်း ဂျာမန်ကျွမ်းကျင်သူတစ်ဦးက ပြောကြားခဲ့သည်။

***အင်တာနက်။***



## ထိန်းချုပ်နယ်မြေများကို အစ္စလာမ့်နိုင်ငံတည်ထောင်ရန် မာလီသူပုန်များ သဘောတူညီ

**ဂါအို မေ ၂၇**

မာလီနိုင်ငံမြောက်ပိုင်းဒေသများကို လွန်ခဲ့သောနှစ်လခန့်မှစ၍ ထိန်းချုပ်ထားသည့် သူပုန်အုပ်စုနှစ်စုသည် ၎င်းတို့၏ နယ်မြေများအား အစ္စလာမ့်နိုင်ငံတစ်နိုင်ငံအဖြစ် တည်ထောင်သွားရန် သဘောတူခဲ့ကြကြောင်း မေ ၂၆ ရက် သတင်းများတွင် ဖော်ပြထားသည်။

တွာရက်အမ်အင်န်အယ်လ်အေအမည်ရှိ လောကီယုံကြည်မှုအခြေပြုသူပုန်အုပ်စုနှင့် အန်ဆာဒင်းအမည်ရှိ အစ္စလာမ့်သူပုန်အုပ်စုတို့သည် ၎င်းတို့ထိန်းချုပ်ထားသည့် နယ်မြေများကို အစ္စလာမ့်နိုင်ငံအဖြစ် တည်ထောင်နိုင်မည့် သဘောတူညီချက်တစ်ရပ်အား ဂါအိုမြို့၌ လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

အယ်လ်ခိုင်ဒါအကြမ်းဖက်ကွန်ရက်နှင့် ဆက်နွယ်မှုရှိသော အန်ဆာဒင်းအစ္စလာမ့်သူပုန်များသည် ၎င်းတို့ ထိန်းချုပ်ထားသည့် နယ်မြေအတွင်းရှိ အချို့သောမြို့များ၌ အစ္စလာမ့်ဥပဒေကို စတင်ပြဋ္ဌာန်းခဲ့ပြီးဖြစ်သည်။

မတ်လအတွင်း မာလီနိုင်ငံ၌ ပေါ်ပေါက်ခဲ့သော အာဏာသိမ်းမှုဖြစ်စဉ်ကို အခွင့်ကောင်းယူ၍ ယင်းသူပုန်အုပ်စုများသည် နယ်မြေထိန်းချုပ်ရေးလုပ်ငန်းများ လုပ်ဆောင်ခဲ့ကြကြောင်း သတင်းများတွင် ဖော်ပြထားသည်။

သူပုန်များ သိမ်းယူထားသော မြောက်ပိုင်းနယ်မြေများအား ပြန်လည်ရယူရာတွင် မာလီနိုင်ငံကို ကူညီရေးအတွက် ဒေသတွင်းအဖွဲ့အစည်းတစ်ရပ်ဖြစ်သည့် အနောက်အာဖရိကနိုင်ငံများ စီးပွားရေးအသိုက်အဝန်း (Ecowas)က တပ်ဖွဲ့ဝင် ၃၀၀၀ စေလွှတ်ရန်ပြင်ဆင်ထားကြောင်း သိရသည်။

***အင်တာနက်။***

## တောင်တက်ရာသီ နောက်ဆုံးနေ့တွင် ဧဝရက်တောင်ထိပ်ပေါ်သို့ နိုင်ငံတကာ တောင်တက်သမား ၁၅၀ တက်ရောက်နိုင်

**ခတ္တမန္ဒူ မေ ၂၇**

မေ ၂၆ ရက် တောင်တက်ရာသီ ပိတ်သိမ်းချိန်တွင် အမြင့်ပေ ၈၈၄၈ မီတာ (၂၉၀၂၉ ပေ) ရှိသော ဧဝရက်တောင်ထိပ်ပေါ်သို့ တောင်တက်သမား ၁၅၀ ဝန်းကျင်မျှ အောင်မြင်စွာ တက်ရောက်နိုင်ခဲ့ကြောင်း သိရသည်။

ပြီးခဲ့သည့် နှစ်ရက်တာကာလအတွင်း ရာသီဥတုအခြေအနေကောင်းမွန်ခဲ့ရာ ယင်းအခြေအနေအား တောင်တက်သမား အတော်များများက အခွင့်အရေးယူနိုင်ခဲ့သော်လည်း ဆက်မတက်နိုင်၍ ပြန်ဆင်းလာသူ အနည်းငယ်လည်းရှိကြောင်း၊ မေ ၂၆ ရက်တွင် ကမ္ဘာ့အမြင့်ဆုံး ဧဝရက်တောင်ထိပ်ပေါ်သို့ တောင်တက်သမား ၁၅၀ ဝန်းကျင်တက်ရောက်နိုင်ခဲ့ကြောင်း နီပေါခရီးသွားလာရေးဝန်ကြီးဌာနက ပြောကြားသည်။

လာမည့်တစ်ရက်နှစ်ရက်အတွင်း ဧဝရက်တောင်ထိပ်ပေါ်သို့ ရောက်ရှိရန်ကြိုးပမ်းမည့် တောင်တက်သမားနှင့် လမ်းပြ အနည်းငယ်မျှ ရှိနေသေးကြောင်း သိရသည်။

သို့ရာတွင် တရားဝင်သတ်မှတ်ထားသော တောင်တက်ရာသီ ပြီးဆုံးခဲ့ပြီဖြစ်ရာ တောင်တက်သမားများသည် တောင်ခြေစခန်းများသို့ ပြန်လည်ဆင်းသက်နေကြပြီးဖြစ်ကြောင်း နီပေါခရီးသွားလာရေးဝန်ကြီးဌာနက ပြောကြားသည်။

ဧဝရတ်တောင်၏ မီတာ ၈၀၀၀ ကျော်အမြင့်တွင်ရှိသော မရဏဇုန်နှင့်ပတ်သက်၍ အန္တရာယ်သတိပေးချက်များထုတ်ပြန်ခဲ့ရသော်လည်း ရာသီဥတုကောင်းမွန်သည့် နှစ်ရက်တာကာလအတွင်း ဧဝရက်တောင်ထိပ်သို့ တောင်တက်သမား ၂၅၀ ကျော် တက်ရောက်နိုင်ခဲ့သည်။

ပြီးခဲ့သည့်သီတင်းပတ်က ဧဝရက်တောင်ထိပ်သို့ တက်ရောက်ရန်ကြိုးပမ်းစဉ် တောင်တက်သမားလေးဦး သေဆုံးခဲ့ခြင်းကြောင့် ကမ္ဘာ့အမြင့်ဆုံးတောင်ထိပ်အနီး တောင်တက်လမ်းပိတ်ဆို့မှုဖြစ်ပေါ်မည့်အရေးကို စိုးရိမ်ခဲ့ရသည်။

***အင်တာနက်။***



**ကမ္ဘာ့အမြင့်ဆုံး တောင်ဖြစ်သော ဧဝရက်တောင်၏ တောင်ထိပ်တစ်နေရာကို တွေ့ရစဉ်။**

## နျူစွမ်းအင်သုံးလျှပ်စစ် ဓာတ်အားပေးစက်ရုံသစ် ၂၀၁၄ ခုနှစ်တွင် အီရန်တည်ဆောက်မည်

**တီဟီရန် မေ ၂၇**

အီရန်နိုင်ငံတောင်ပိုင်း ဘူရှားမြို့၌ ၂၀၁၄ ခုနှစ်အစောပိုင်းကာလတွင် နျူကလီးယားဓာတ်အားပေးစက်ရုံသစ်တစ်ရုံကို ထပ်မံတည်ဆောက်သွားမည်ဖြစ်ကြောင်း အီရန်နိုင်ငံပိုင် ရုပ်သံဌာနက တနင်္ဂနွေနေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။

လျှပ်စစ်ဓာတ်အားပမာဏ မဂ္ဂါဝပ် ၁၀၀၀ ထုတ်ပေးနိုင်မည့် နျူကလီးယားဓာတ်အားပေးစက်ရုံသစ်ကို အီရန်နိုင်ငံက ၂၀၁၄ ခုနှစ်တွင် တည်ဆောက်သွားမည်ဖြစ်ကြောင်း ယင်းနိုင်ငံ၏ နျူကလီးယားစွမ်းအင်အေဂျင်စီ အကြီးအကဲ၏ အဆိုအား ကိုးကား၍ အီရန်ရုပ်သံဌာနက တင်ပြသွားသည်။

ဘူရှားမြို့၌ လက်ရှိတည်ရှိသော ဘူရှားနျူကလီးယားဓာတ်အားပေးစက်ရုံကို အီရန်အစ္စလာမ့်တော်လှန်ရေးမတိုင်မီ ၁၉၇၀ ခုနှစ်တွင် ဂျာမန်အင်ဂျင်နီယာများက စတင်တည်ဆောက်ပေးခဲ့သည်။

ယင်းနျူကလီးယားဓာတ်အားပေးစက်ရုံကို ရုရှားနိုင်ငံက အပြီးသတ်တည်ဆောက်ပေးခဲ့ပြီး စက်ရုံဆက်လက်လည်ပတ်နိုင်ရေးနှင့် လောင်စာတောင့်များရရှိရေးအတွက် ယနေ့တိုင် အကူအညီပေးနေဆဲဖြစ်သည်။

အီရန်နျူကလီးယားပြဿနာနှင့်ပတ်သက်၍ အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်၌ မေ ၂၃ ရက်နှင့် ၂၄ ရက် များတွင် အီရန်နှင့် ကမ္ဘာ့အင်အားကြီး ခြောက်နိုင်ငံတို့အကြား ဆွေးနွေးခဲ့ပြီးနောက် ဘူရှားမြို့၌ နျူကလီးယား စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်မည့်အစီအစဉ်အား အီရန်နိုင်ငံက ထုတ်ပြန်ကြေညာခဲ့ခြင်းဖြစ်သည်။ နှစ်ဦးနှစ်ဖက်အကြား သဘောထားကွာဟမှု ကျယ်ပြန့်သောကြောင့် ဘဂ္ဂဒက်ဆွေးနွေးပွဲများသည် ပျက်ပြားလုမတတ် ဖြစ်ခဲ့ရသော်လည်း ရုရှားနိုင်ငံ မော်စကိုမြို့၌ ဇွန် ၁၈ ရက်မှ ၁၉ ရက်အထိ ထပ်မံဆွေးနွေးကြရန် အီရန်နှင့် ကမ္ဘာ့အင်အားကြီးနိုင်ငံများအကြား သဘောတူညီမှုရခဲ့သည်။ ***အင်တာနက်။***

# အမျိုးသားလွှတ်တော် တိုင်းရင်းသားရေးရာကော်မတီနှင့် ကရင်ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းရင်းသားကိုယ်စားလှယ်များ၊ လူမှုရေးအသင်းအဖွဲ့များတွေ့ဆုံ

နေပြည်တော် မေ ၂၇

**အမျိုးသားလွှတ်တော်တိုင်းရင်းသားရေးရာကော်မတီနှင့် ကရင်ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ လူမှုရေးအသင်းအဖွဲ့များ တွေ့ဆုံပွဲကို မေ ၂၆ ရက် နံနက် ၉ နာရီတွင် ကရင်ပြည်နယ် ဘားအံမြို့ ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

တွေ့ဆုံပွဲသို့ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်း၊ အမျိုးသားလွှတ်တော် တိုင်းရင်းသားရေးရာကော်မတီဥက္ကဋ္ဌ ဦးဆိုင်ပေါင်းနပ်နှင့် ကော်မတီဝင်များ၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောအောင်ကျော်မင်း၊ ဒုတိယဥက္ကဋ္ဌ ဦးမန်းလှမြိုင်၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များ၊ အမျိုးသမီးရေးရာ၊ မိခင်နှင့် ကလေး၊ စစ်မှုထမ်းဟောင်း၊ ကြက်ခြေနီ၊ အရန်မီးသတ် စသည့် အသင်းအဖွဲ့အသီးသီးမှ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်က နှုတ်ခွန်းဆက်စကား ပြောကြားသည်။ ထို့နောက် ကော်မတီဥက္ကဋ္ဌ ဦးဆိုင်ပေါင်းနပ်က ကရင်ပြည်နယ်သို့ လာရောက်ရသည့် ကော်မတီ၏ ရည်ရွယ်ချက်များကို အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက အမှာစကား ပြောကြားပြီး ကော်မတီအတွင်းရေးမှူး ဦးခက်ထိန်နန်က တက်ရောက်လာကြသူများအနေဖြင့် ဒေသအကျိုး၊ နိုင်ငံတော်အကျိုးအတွက် ပွင့်ပွင့်လင်းလင်း တင်ပြဆွေးနွေးကြရန် ပြောကြားသည်။

ထို့နောက် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများက နိုင်ငံသူ နိုင်ငံသားအားလုံး ဥပဒေဗဟုသုတရှိအောင် ဆောင်ရွက်ပေးရေး၊ တိုင်းရင်းသားရေးရာကိစ္စရပ်များနှင့် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုများ ထိန်းသိမ်းမြှင့်တင်ရေး၊ ဒေသတွင်းရှိ မြေလွတ်၊ မြေလပ်၊ မြေရိုင်းဆိုင်ရာ ကိစ္စရပ်များနှင့် ပြည်နယ်ဆိုင်ရာ ဥပဒေများ ပြဋ္ဌာန်းရာတွင် တွေ့ကြုံရသည့် အခက်အခဲများကို တင်ပြဆွေးနွေးကြရာ အမျိုးသားလွှတ်တော် တိုင်းရင်းသား ရေးရာကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ဥပဒေကြမ်းကော်မတီ အတွင်းရေးမှူးနှင့် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်ရေးကော်မရှင် အဖွဲ့ဝင်များက ပြန်လည်ရှင်းလင်းဆွေးနွေး ဖြေကြားကြသည်။

မွန်းလွဲ ၁ နာရီခွဲတွင် အမျိုးသားလွှတ်တော် တိုင်းရင်းသားရေးရာကော်မတီသည် ကရင်ပြည်နယ်ရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းဥက္ကဋ္ဌများ၊ တိုင်းရင်းသားကိုယ်စားလှယ်များ၊ ဘားအံတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ်တို့မှ ဒုတိယပါမောက္ခချုပ်နှင့် ကျောင်းအုပ်ကြီးများ၊ ဘာသာရေးအဖွဲ့များ၊ ငြိမ်းချမ်းရေးအဖွဲ့များနှင့် အဆိုပါအစည်းအဝေးခန်းမ၌ ဆက်လက်တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ကော်မတီဥက္ကဋ္ဌ ဦးဆိုင်ပေါင်းနပ်က ကရင်ပြည်နယ်သို့ လာရောက်ရသည့် ရည်ရွယ်ချက်နှင့် ရည်မှန်းချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက အမှာစကား ပြောကြားပြီး ကော်မတီအတွင်းရေးမှူး ဦးခက်ထိန်နန်က ရန်ကုန်တိုင်းဒေသကြီးသို့ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် တိုင်းရင်းသားရေးရာကော်မတီများ ပူးပေါင်းပါဝင်သည့်အဖွဲ့ စတင်သွားရောက်ပြီး ဒေသ၏ တင်ပြချက်များရယူခဲ့မှု၊ အမျိုးသားလွှတ်တော် တိုင်းရင်းသားရေးရာကော်မတီအနေဖြင့် တနင်္သာရီတိုင်းဒေသကြီးသို့ ဆက်လက်သွားရောက်ခဲ့ပြီး ကရင်ပြည်နယ်သို့ ရောက်ရှိလာမှု၊ ပြည်နယ်၏ လိုအပ်ချက်များနှင့် စပ်လျဉ်း၍ ပွင့်ပွင့်လင်းလင်း ရင်းရင်းနှီးနှီး တင်ပြနိုင်မှုများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် တိုင်းရင်းသားကိုယ်စားလှယ်များက ယုံကြည်မှု၊ နားလည်မှု၊ သစ္စာရှိမှုများဖြင့် ငြိမ်းချမ်းရေးကို ခိုင်ခိုင်မာမာတည်ဆောက်ရန် လိုအပ်ပုံများ၊ တိုင်းရင်းသားရေးရာကိစ္စများကို ပိုမိုဖြေရှင်းပေးနိုင်သည့် ရေးရာကော်မတီများ ပြည်ထောင်စုလွှတ်တော်တွင် ဖွဲ့စည်းနိုင်ရေးကိစ္စရပ်များ၊ ဖြည့်ဆည်းပေးရန် လိုအပ်သည့် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုရေးရာကိစ္စများကို ရှင်းလင်းတင်ပြကြရာ ကော်မတီဥက္ကဋ္ဌ ဦးဆိုင်ပေါင်းနပ်နှင့် ကော်မတီအတွင်းရေးမှူး ဦးခက်ထိန်နန်တို့က ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

နံနက်ပိုင်း တွေ့ဆုံပွဲအပြီးတွင် ပြည်နယ်ဝန်ကြီးချုပ်၊ အမျိုးသားလွှတ်တော် တိုင်းရင်းသားရေးရာကော်မတီဥက္ကဋ္ဌ၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများနှင့် စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်နယ်လွှတ်တော်တို့၏ ရုံးများ စနစ်တကျဖွဲ့စည်းထားရှိမှုများကို လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ညနေ ၄ နာရီ ၁၅ မိနစ်တွင် ဘားအံစက်မှုဇုန် တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းများကို သွားရောက်ကြည့်ရှုလေ့လာရာ စက်မှုဇုန်ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးအောင်လွင်နှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဦးဆိုင်ပေါင်းနပ်နှင့် အဖွဲ့ဝင်များသည် လှိုင်းဘွဲ့မြို့နယ်ရှိ ရေဘုတ်ရေလှောင်တမံကို သွားရောက်ကြည့်ရှုကြသည်။

အမျိုးသားလွှတ်တော် တိုင်းရင်းသားရေးရာကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် မေ ၂၅ ရက် ညနေပိုင်းကလည်း ဘားအံမြို့ လုမ္ဗိနီဥယျာဉ်နှင့် ဖွဲကပင်တောင်၊ ရေတံခွန်ရေလှောင်ကန်နှင့် ကျောက်ကလပ်တို့ကို လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြသည်။ (သတင်းစဉ်)



**အမျိုးသားလွှတ်တော် တိုင်းရင်းသားရေးရာကော်မတီဥက္ကဋ္ဌ ဦးဆိုင်ပေါင်းနပ်၊ အမျိုးသားလွှတ်တော် တိုင်းရင်းသားရေးရာကော်မတီနှင့် ကရင်ပြည်နယ်ရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်း ဥက္ကဋ္ဌများ၊ တိုင်းရင်းသားကိုယ်စားလှယ်များ ဘားအံတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ်တို့မှ ဒုတိယပါမောက္ခချုပ်နှင့် ကျောင်းအုပ်ကြီးများ၊ ဘာသာရေးအဖွဲ့များ၊ ငြိမ်းချမ်းရေးအဖွဲ့များ တွေ့ဆုံပွဲတွင် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)


ပညာရေးဝန်ကြီးဌာန
ကျောင်းအပ်နှံရေးသီတင်းပတ်
မေလ (၂၅) ရက်မှ (၃၁) ရက်ထိ

**ကျောင်းနေအရွယ်ကလေး ကျောင်းအပ်နှံရေး**
**ပြည်သူအားလုံး ပါဝင်ဆောင်ရွက်ပေး**


## မိတ္ထီလာတွင် မိုးခေါ်လွန်ဆွဲပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

**မိတ္ထီလာ မေ ၂၇**

မိတ္ထီလာတွင် မိုးရွာသွန်းစေရန် ရည်ရွယ်ကျင်းပသည့် မိုးခေါ်လွန်ဆွဲပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို မေ ၂၇ ရက် ညနေ ၅ နာရီက မိတ္ထီလာတောင်ကန် (အထက-၁) အနီးတွင် ကျင်းပရာ အမျိုးသမီး လွန်ဆွဲပြိုင်ပွဲတွင် ပညာရေးကောလိပ် ပထမ၊ ပညာရေးဌာန ဒုတိယ၊ ချည်စက် တတိယ၊ စိုက်ညို စတုတ္ထနှင့် အမျိုးသားလွန်ဆွဲပြိုင်ပွဲတွင် အောင်ဆန်း ပထမ၊ ရန်မျိုးအောင် ဒုတိယ၊ အောင်ဇေယျာ တတိယ၊ ကျီတော်ကုန်း စတုတ္ထ အသီးသီး ဆုဆွတ်ခူးရရှိပြီး လွန်ဆွဲပြိုင်ပွဲဆုရအသင်းများအား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဆွေနှင့် ပြိုင်ပွဲကျင်းပရေးကော်မတီဝင်များက ဆုများပေးအပ်ချီးမြှင့်ကြောင်း သိရသည်။**(ယာပုံ)**

မိုးရွာသွန်းမှုမရှိသောကြောင့် မိုးရွာသွန်းစေရန် ရည်ရွယ်ကျင်းပသည့် အဆိုပါ မိုးခေါ်လွန်ဆွဲပြိုင်ပွဲကို မေ ၂၆ ရက်မှ မေ ၂၇ ရက် အထိကျင်းပခဲ့ပြီး ပြိုင်ပွဲ ကျင်းပသည့် နောက်ဆုံးနေ့တွင် ပြိုင်ပွဲကျင်းပနေစဉ်အချိန်အတွင်း ထူးခြားတိုက်ဆိုင်စွာ မိုးရွာသွန်းခဲ့သောကြောင့် ပြိုင်ပွဲဝင်အသင်းများ၊ ပြိုင်ပွဲကျင်းပရေးကော်မတီဝင်များနှင့် ကြည့်ရှုအားပေးသည့် ဒေသခံပြည်သူများက မိုးခေါ်လွန်ဆွဲပြိုင်ပွဲကို ပျော်ရွှင်ကြည်နူးစွာဖြင့် ပါဝင်ဆင်နွှဲကြောင်း သတင်းရရှိသည်။ (၅၇၉)







## စွမ်းဆောင်ရည်မြင့်မားရေးမွမ်းမံသင်တန်းဆင်း

**ရန်ကုန် မေ ၂၇**

ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန ဒုတိယဦးစီးမှူးများ စွမ်းဆောင်ရည်မြင့်မားရေးမွမ်းမံ သင်တန်းအမှတ်စဉ် (၁/၂၀၁၂) သင်တန်းဆင်းပွဲကို မေ ၂၅ ရက်က ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် ဗဟိုမြေစာရင်းဖွံ့ဖြိုးမှု လေ့ကျင့်ပညာပေးရေးသင်တန်းကျောင်း၌ ကျင်းပသည်။

အဆိုပါသင်တန်းဆင်းပွဲတွင် ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကိုယ်စား သင်တန်းကျောင်း ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးခင်မောင်ဗိုလ်က သင်တန်းဆင်း အမှာစကားပြောကြားသည်။**(အပေါ်ပုံ)**

အဆိုပါ ဒုတိယဦးစီးမှူးများ စွမ်းဆောင်ရည်မြင့်မားရေး မွမ်းမံသင်တန်းကို မေ ၂ ရက်မှ ၂၅ ရက်အထိ သင်တန်းကာလ ၂၄ ရက်အတွင်း မြေကြီးမြေပုံနှင့် မြေစာရင်း မှန်ကန်ရေး၊ လယ်ယာမြေဥပဒေ၊ မြေလွတ်မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ၊ ခေတ်မီမြေတိုင်းတာခြင်းနှင့် မြေပုံရေးဆွဲခြင်း၊ စာရင်းအင်းကောက်ယူခြင်း၊ ဝန်ထမ်းရေးရာ စီမံခန့်ခွဲခြင်းနှင့် ဌာနဆိုင်ရာလုပ်ငန်း ဘာသာရပ်များကို စာတွေ့လက်တွေ့ လေ့ကျင့်သင်ကြားပေးခဲ့ကြောင်း သိရသည်။ (၅၂၆)


**ဇီဝမျိုးစုံမျိုးကွဲတွေကြွယ်စေဖို့**
**သဘာဝတောတွေထိန်းသိမ်းစို့**


## ကြေးမုံ - ဓာတ်ပုံသတင်း



**ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် လှည်းတန်းမီးပွိုင့်အနီးရှိ လှည်းတန်းလမ်းမတွင် မော်တော်ယာဉ်တစ်စီးက ဤသို့ စည်းကမ်းမဲ့ပျက်စွာ ကန့်လန့်ဖြတ်၍ မီးပွိုင့်တန်းစီနေသော ယာဉ်များကြားသို့ တိုးဝင်သည်ကို မေ ၂၅ ရက်က တွေ့ရစဉ်။** (၆၈၀)

**ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ် ကမ်းနားဈေးအနီးရှိ စက်သမ္မန်ကူးတို့ဆိပ်အနီးတွင် အဆောက်အအုံတစ်ခုမှ လှိုင်မြစ်အတွင်း အညစ်အကြေးစွန့်ရာအိမ်သာမှ မိလ္လာပိုက်နှင့် စည်းကမ်းမဲ့စွန့်ထားသော အမှိုက်သရိုက်များကို မြစ်ရေကျချိန်တွင် ယခုကဲ့သို့ မြင်တွေ့ရစဉ်။** (၆၈၀)



# မုံရွာမြို့နယ် ရှင်(၅၂၈)ပါး ရှင်ပြုပွဲနှင့် သာသနာ့ဘောင်သို့ သွတ်သွင်းခြင်း အလှူတော်မင်္ဂလာ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် တက်ရောက်ကြည်ညို

**နေပြည်တော်　မေ　၂၇**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ပေါ်ရှိ ရပ်ကွက်များမှ ပြည်သူများ၏ ကလေးငယ်များအား ရှင်သာမဏေအဖြစ် သာသနာ့ဘောင်သို့ သွတ်သွင်းချီးမြှင့်နိုင်စေရန် ရည်ရွယ်လျက် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် ရှင်(၅၂၈)ပါး ရှင်ပြုပွဲနှင့် သာမဏေအဖြစ် သာသနာ့ဘောင်သို့သွတ်သွင်းခြင်းအလှူတော်မင်္ဂလာ အခမ်းအနားကို မေ ၂၆ ရက် နံနက်ပိုင်းတွင် မုံရွာမြို့ ရွှေစည်းခုံဘုရား သာသနာ့ဗိမာန်တော်၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးနှင့် ဇနီး ဒေါ်ဝေဝေခိုင်နှင့် တာဝန်ရှိသူများသည် ရှင်သာမဏေလောင်းများအား ဆံချ၊ သင်္ကန်းတောင်း၊ ရှင်သာမဏေအဖြစ်ခံယူခြင်း မင်္ဂလာအခမ်းအနားသို့ တက်ရောက်ကြည်ညိုပြီး ဆရာတော်၊ သံဃာတော်များနှင့် ရှင်သာမဏေများအား နေ့ဆွမ်းဆက်ကပ် လှူဒါန်းကြသည်။

ယနေ့ကျင်းပသည့် ရှင်(၅၂၈)ပါး ရှင်ပြုပွဲနှင့် ရှင်သာမဏေအဖြစ် သာသနာ့ဘောင်သို့ သွတ်သွင်းခြင်း အလှူတော်မင်္ဂလာအခမ်းအနားတွင် မုံရွာမြို့ပေါ်ရှိ ရပ်ကွက်များမှ ပြည်သူများ၏ ကလေးငယ်စုစုပေါင်း ၅၂၈ ဦးအား ရှင်သာမဏေအဖြစ် သာသနာ့ဘောင်သို့ သွတ်သွင်းချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

# အရောင်းအဝယ်စာချုပ်လက်မှတ်ရေးထိုးပွဲ ကျင်းပ

နေပြည်တော်　မေ　၂၇

**မြန်မာနိုင်ငံမှ Apex Greatest Industrial Co.,Ltd. (AGI) နှင့် အိန္ဒိယနိုင်ငံမှ Ta Ta Motors Limited တို့အကြား အရောင်းအဝယ်စာချုပ်လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို နေပြည်တော်ရှိ ကုမုဒြာဟိုတယ်၌ ယမန်နေ့ညနေ ၆ နာရီတွင်ကျင်းပရာ အခမ်းအနားသို့ စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးအောင်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်းတို့ တက်ရောက်အားပေးပြီး အမှာစကားပြောကြားကြသည်။**




Apex Greatest Industrial Co., Ltd. သည် မကွေးစက်မှုဒေသရှိ အမှတ်(၁၃) အထွေထွေအကြီးစားစက်ရုံ၌ စက်မှုဝန်ကြီးဌာနနှင့် အကျိုးတူ Heavy Turbo Truck များ ထုတ်လုပ်လျက် ပြည်တွင်း၌ ဖြန့်ဖြူးရောင်းချလျက်ရှိသော ကုမ္ပဏီဖြစ်ပြီး အိန္ဒိယနိုင်ငံ Ta Ta Motors Limited ၏ တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် လူစီးနှင့်လုပ်ငန်းသုံးယာဉ်အမျိုးမျိုးကို Ta Ta Motors Limited မှ ပင်ရင်းဈေးဖြင့်ဝယ်ယူ၍ မြန်မာနိုင်ငံတွင် သက်သာသောဈေးနှုန်းများဖြင့် ပြန်လည်ဖြန့်ဖြူးရောင်းချရန် ဆောင်ရွက်လျက်ရှိသော ကုမ္ပဏီဖြစ်ကြောင်းသိရှိရသည်။

ယခင်နှစ်နိုဝင်ဘာလက ရန်ကုန်မြို့ တပ်မတော်ခန်းမ၌ကျင်းပသော India Trade Show ၌ Ta Ta Motors Limited မှ ထုတ်လုပ်သော Commercial and Passenger Vehicles များအား မိတ်ဆက်ပြသခဲ့ရာ အများပြည်သူလူထု၏ တစ်ခဲနက်အားပေးမှုကိုရရှိပြီး ပြပွဲရက်များအတွင်း ပရိသတ်များ ကြိတ်ကြိတ်တိုး စည်ကားခဲ့ကြောင်း၊ Apex Greatest Industrial Services Co.,Ltd. က လည်း ရန်ကုန်မြို့တွင်း တက္ကစီခရီးသည်ပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်းကို Ta Ta Motors Limited မှ ထုတ်လုပ်သော လူစီးယာဉ်ငယ်များဖြင့် ဆောင်ရွက်ရန်စီစဉ်လျက်ရှိကြောင်း Apex Greatest Industrial Co.,Ltd. မှ Ta Ta Motors Limited မှ ထုတ်လုပ်သော Light Truck အရွယ်အစားအမျိုးမျိုးနှင့် Dump Truck များကိုလည်း တင်သွင်းဖြန့်ဖြူးရောင်းချရန် ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

မကွေးစက်မှုဒေသရှိ အမှတ်(၁၃) အထွေထွေအကြီးစားစက်ရုံမှာ အိန္ဒိယ-မြန်မာ ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်အရ အိန္ဒိယနိုင်ငံအစိုးရမှ ချေးငွေ အမေရိကန်ဒေါ်လာသန်း ၂၀ ဖြင့် Ta Ta Motors Limited က အကြီးစား မော်တော်ကား တပ်ဆင်ထုတ်လုပ်ရေး စက်ရုံ တည်ဆောက်ပေးခဲ့ခြင်းဖြစ်ပြီး ယင်းစက်ရုံမှ လေးတန်မှ ၂၁ တန်အထိရှိသော Truck ကားအမျိုးမျိုးကိုတပ်ဆင်ထုတ်လုပ်ပေးနိုင်ကြောင်း၊ ယခုအခါတွင် တစ်နှစ်လျှင် မော်တော်ယာဉ်စီးရေ ၁၀၀၀ ထုတ်လုပ်နိုင်စွမ်းရှိပြီး ယာဉ်စီးရေ ၅၀၀၀ အထိ တိုးချဲ့ထုတ်လုပ်နိုင်စွမ်းရှိရာ ဒေသခံပြည်သူများအတွက် အလုပ်အကိုင် အခွင့်အလမ်းများစွာ ပွင့်လန်းလာရုံမျှမက မြန်မာနိုင်ငံ၏ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက်ပါ အထောက်အကူပြုလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**မြန်မာနိုင်ငံမှ Apex Greatest Industrial Co.,Ltd. (AGI) နှင့် အိန္ဒိယနိုင်ငံမှ Ta Ta Motors Limited တို့အကြား အရောင်းအဝယ် စာချုပ်လက်မှတ်ရေးထိုးပွဲ အခမ်းအနား ကျင်းပစဉ်။** (သတင်းစဉ်)

# နေပြည်တော် ဝန်ကြီးရုံးလမ်းမများနှင့် ဝန်ထမ်းအိမ်ရာများတွင် မော်တော်ဆိုင်ကယ်ကယ်ရီမောင်းနှင်သူများ ရှိနေကြ၍ များစွာအဆင်ပြေ

**နေပြည်တော်　မေ　၂၇**

နေပြည်တော် ကောင်စီနယ်မြေတွင် ပျဉ်းမနား၊ လယ်ဝေး၊ တပ်ကုန်း စသည့် မြို့နယ် သုံးမြို့နယ်အပါအဝင် သီရိငါးမြို့နယ်နှင့် စုစုပေါင်း ရှစ်မြို့နယ် ပါဝင်သည်။

သို့ရာတွင် သီရိငါးမြို့နယ်မှာ အစိုးရဝန်ကြီးရုံးများနှင့် အစိုးရဝန်ထမ်းအိမ်ရာများသာ ရှိသည့်အတွက်ကြောင့် လူသွားလူလာနည်းပါးပြီး ကွန်ကရစ်လမ်းဘေးတွင် မော်တော်ဆိုင်ကယ် ပြင်ဆိုင်(သို့) မော်တော်ဆိုင်ကယ် ကျွတ်ဖာဆိုင်များ ဖွင့်လှစ်ထားရှိခြင်း မရှိသဖြင့် မော်တော်ဆိုင်ကယ်အသုံးပြု၍ သွားလာကြရသော ရုံးဝန်ထမ်းများနှင့် ပြည်သူများမှာ ဆိုင်ကယ်ဘီးပေါက်သည့်အခါ အမြဲတစေ အခက်အခဲကြုံတွေ့ရလေ့ရှိသည်။

ထိုအခက်အခဲများကို လမ်းဘေး ဝဲ၊ ယာနှင့် ရုံးပေါက်စသည့် နေရာများတွင် ခရီးသည်တင်မော်တော်ဆိုင်ကယ် ကယ်ရီမောင်းနှင်သူများက ၎င်းတို့၏ဆိုင်ကယ်တွင် ကိရိယာပစ္စည်းများ အရန်သင့်ဆောင်ထားကာ ဘီးပေါက်သော ခရီးသွားများအား ဘီးဖာပြုပြင်ပေးလျက်ရှိသည်ကို တွေ့မြင်ရသည်။ **(အောက်ပုံ)**

"ကျွန်တော်က လျှပ်စစ်စွမ်းအားဝန်ကြီးရုံးသို့အသွားမှာ ရာဇဌာနီလမ်းမကြီးနှင့် ရာဇသင်္ဂဟလမ်းဆုံအရောက် ကျွန်တော့်ဆိုင်ကယ် ဘီးပေါက်သွားတယ်၊ အဲဒီအချိန်မှာပဲ ခရီးသွားဖော်ဖြစ်တဲ့ ခရီးသွားတစ်ဦးက ဒီနားမှာပဲရပ်စောင့်နေပါ "ဝင်းသူဇာ"နားမှာ ဆိုင်ကယ်ကယ်ရီသမားတွေ ရှိတယ်၊ သူတို့က ဘီးပေါက်တဲ့နေရာကို လာပြီးဖာပေးပါတယ်၊ ဆိုင်ကယ်ဖာသူကို လှမ်းပြောလိုက်ပါမယ်" ပြောပြီး ငါးမိနစ်ခန့်မှာ ဆိုင်ကယ်ကယ်ရီမောင်းနှင်သူတစ်ဦး ရောက်ရှိလာပြီး ဘီးဖာပေး၍ အဆင်ပြေချောမွေ့မှုကို ရရှိကြောင်း အထက်ပါပုဂ္ဂိုလ်က ရှင်းပြသည်။ နေပြည်တော်တွင် ထိုသို့ ဆိုင်ကယ်ကယ်ရီမောင်းနှင်သူတိုင်းလိုလို ဆိုင်ကယ်မောင်းနှင်သူများ၏ အခက်အခဲများကို အဆင်ပြေလွယ်ကူစေရန် ကူညီပေးလျက်ရှိကြောင်းနှင့် ဘီးပေါက် တစ်ပေါက်လျှင် ကျပ် ၁၀၀၀၊ ဘီးနှစ်ပေါက်လျှင် ကျပ် ၁၅၀၀ ယူကြောင်း သိရသည်။ (၆၈၈)



# လူမှုရေးကူညီမှုအသင်း အထိမ်းအမှတ်ကျင်းပ

**တောင်ငူ　မေ　၂၇**

တောင်ငူမြို့ ဗြဟ္မစိုရ် မေတ္တာနှင့် စေတနာ လူမှုရေးကူညီမှုအသင်း တည်ထောင်သည့် (၁၀)နှစ်ပြည့် အထိမ်းအမှတ်အခမ်းအနားကို မေ ၂၀ ရက် မွန်းလွဲပိုင်းက တောင်ငူမြို့ ကန်လမ်းရှိ ဟုတ်ဝမ်ခန်းမ၌ ကျင်းပရာ အခမ်းအနားမှူးအဖြစ် လက်ထောက်ကထိက ဆရာမ ဒေါ်ခင်စန်းရီက ဆောင်ရွက်ပြီး သဘာပတိအဖြစ် အသင်းနာယက ဦးကျော်လှ (သမာဓိ)နှင့် အသင်းဥက္ကဋ္ဌ ဦးမြင့်ညို (အမေ့အိမ်)တို့က အဖွင့်အမှာစကား ပြောကြားကြသည်။

အဆိုပါ အခမ်းအနားသို့ အသင်းနာယကကြီးများ၊ အမှုဆောင်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဧည့်သည်တော်များနှင့် စေတနာအလှူရှင်များ စုံညီစွာတက်ရောက်ကြသည်။

(၁၂၉)

# သတိပေးနှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ် စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်အား မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက် ပိုမိုစီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်း မပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

**နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ။**

မပြောမပြီး မတီးမမြည်　➢➢　ဆွေညီ

# စုန်းပြူးနှင့် ငါးခုံးမပုပ်များ ကင်းစေသတည်း . . .

*"ကျွန်တော်တို့က ကျောင်းသား ကျောင်းသူတွေကို ရေသန့်ပဲ တိုက်တာမို့ ရေသန့်စက်တွေ ထားပေးပါတယ်။ ပြီးတော့ အငြိမ်းစားယူသွားတဲ့ ဆရာကြီး ဆရာမကြီးအချို့ကို ကျောင်းအောင်ချက်ရာခိုင်နှုန်းကောင်းအောင် မိမိကျောင်း အစီအစဉ်နဲ့ ပြန်ခန့်ထားရတာ ရှိပါတယ်။ ခြင်ဆေးလည်း လစဉ်ဖျန်းပေးရပါတယ်။ ကျောင်းအတွက် လစဉ်သုံးစွဲရငွေက အများကြီးပါ။ ဒါကြောင့် တတ်နိုင်တဲ့ သူတွေဆီက ကျွန်တော်တို့အတွက် မဟုတ်ပါဘူး၊ ကျောင်းသား ကျောင်းသူတွေ အတွက် ကျွန်တော်တို့ ရန်ပုံငွေ ကောက်ခံရတာမျိုးရှိပါတယ်"။*

*လွန်ခဲ့သော လေးငါးနှစ်ခန့်က ရန်ကုန်မြို့ရှိ နာမည်ကြီးအထက်တန်းကျောင်း တစ်ကျောင်းမှ ကျောင်းအုပ်ဆရာကြီးတစ်ဦးနှင့် စကားလက်ဆုံကြစဉ် ဆရာကြီး၏ ပြောပြချက်ကို နားထဲတွင် ပြန်ကြားယောင်မိသည်။*

*မေလ ၂၅ ရက်က နေပြည်တော်၌ ကျင်းပသော ၂၀၁၂-၂၀၁၃ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့အထိမ်းအမှတ် အခမ်းအနားတွင် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးက "အခြေခံပညာကျောင်းများအနေဖြင့် ပညာသင်နှစ်တစ်လျှောက်လုံးတွင် သတ်မှတ်ထားသော ရန်ပုံငွေနှင့် ကျောင်းလခ တို့မှအပ မိဘများအတွက် ဝန်ထုပ်ဝန်ပိုးဖြစ်စေမည့်အခြားသော ငွေကြေးကောက်ခံမှုများကို ရှောင်ကြဉ်ကြရမည်ဖြစ်ကြောင်း" မှာကြားသည်ကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသတင်းတွင် ကြားမိလိုက်သောအခါ အဆိုပါဆရာကြီးကို ပြန်မြင်ယောင်မိ၊ သတိရမိလိုက်ခြင်းဖြစ်ပါသည်။ နိုင်ငံတော်က ချထားပေးသည့် ပညာရေး ရန်ပုံငွေ၊ ကျန်းမာရေးရန်ပုံငွေများ ယခင်နှစ်များကထက် များစွာပိုမိုလျာထား သတ်မှတ်ပေးသော သတင်းကို ကြားမိလိုက်စဉ်ကလည်း ဆရာကြီးကို တစ်ကြိမ် သတိရမိလိုက်သေးသည်။ အောက်ခြေတွင် မိမိတို့ ကျောင်းအတွက်၊ ကျောင်းသား ကျောင်းသူများအတွက် စေတနာထား၍ အဆင်ပြေအောင် ရှာကြံလုပ်ပေးကိုင်ပေးခဲ့ကြရသည့် ဆရာကြီး ဆရာမကြီးများ အမောအပန်းပြေလောက်ပါပြီ။ ရန်ပုံငွေများ တိုးတက်ရရှိပြီး ကိုယ့်အားကိုယ်ကိုး လုပ်ကိုင်ခဲ့ရတာတွေ မရှိလောက်တော့ ပါစေနဲ့ဟု ဆုတောင်းပေးမိသည်။*

*ကျောင်းသွားအပ်ပြီး ပြန်လာသော ကျောင်းသားမိဘတစ်ဦးကတော့ "မနှစ်ကလည်း ဒီလိုပါပဲ။ ကျောင်းအပ်တုန်းကတော့ ဘာမှ သိပ်မကောက်ဘူး။ ပြီးမှ အလီလီ ဘာကြေး၊ ညာကြေးဆိုပြီး ကလေးကျောင်းစာအုပ်ထဲ ရေးပေးလိုက်တာ၊ အဲဒါ နောက်နေ့ထည့်ပေးရင်ပေးလိုက်၊ မပေးလိုက်ရင် ကလေးဒုက္ခရောက်ပြီ။ မနှစ်က သားသားက နှစ်တန်းလေ၊ ဘယ်နေ့နောက်ဆုံးဆိုပြီး ဆရာမက ငွေတောင်းတဲ့ စာလေးရေးပေးလိုက်တယ်။ အိမ်ကမေ့ပြီး မထည့်ပေးမိလိုက်တော့ ဆရာမက သားသားကို ကျောင်းအုပ်ကြီးနဲ့ သွားတွေ့ဆိုပြီး ပြောတယ်တဲ့။ ကလေးက အခန်းပြင်ထွက်ရပ်နေရတယ်။ ကျောင်းအုပ်ကြီးဆိုပြီး ခြောက်လှန့်တာမှန်း လူကြီးကတော့ သိတာပေါ့။ ကလေးက ဘယ်သိမှာလဲ။ ပိုက်ဆံမပါလာတာမှာလည်း ကလေးက မိဘထည့်ပေးမှ ရတာလေ။ သူတို့က ဘာမှ သိတာမှ မဟုတ်တာ။ ဆရာမတချို့ကလည်း အဲဒီလိုရှိတယ်။"*

*နားလည်မှုလွဲတာတွေ များစွာတွေ့ရသည်။ အစက က ဘယ်ကစလို့ ဘယ်မှာ ဆုံးမည်မသိ။*

*"အဲဒီနာမည်ကြီးကျောင်းလေ။ တာဝန်ရှိတဲ့သူတွေ ကလေးတွေရဲ့ အိမ်သာထဲထိ နေ့စဉ် စစ်ဆေးပေးဖို့ အော်သံထည့်ချင်လိုက်တာ တကယ်ကိုပဲ။ ကလေးက တော်ရုံဆို ကြမ်းခင်းမှာ ရေတွေအပြည့်ရှိတာမို့ ချော်လဲမယ်ဆိုပြီး ဆီးချုပ်၊ ဝမ်းချုပ်ခံပြီး ကျောင်းမှာ အိမ်သာမဝင်ဘူး။ တစ်ခါနှစ်ခါလောက်ကတော့ မဖြစ်မနေဝင်ခဲ့ရတော့ အမလေး ကလေးဘောင်းဘီအောက်နားတွေမှာ ရေတွေစိုရွှဲနေတာပဲ။ တစ်ခါကတော့ အိမ်သာထဲအဝင်မှာ ချော်လဲလာတာမို့ အောက်ပိုင်းတစ်ခုလုံး စိုရွှဲနေတာပေါ့။ အဲဒီကျောင်းမှာ ကျောင်းအိမ်သာ သန့်ရှင်းရေးတွေရှိပေမယ့် ကောင်းကောင်းလုပ်မထားတာကြောင့် ကလေးတွေ စိတ်ညစ်ရတယ်။ ဒါတွေကိုပါ ပြင်နိုင်ရင်ကောင်းမယ်။ မနက်ပိုင်းတစ်ကြိမ်၊ ညနေပိုင်းတစ်ကြိမ် သန့်ရှင်းရေးဝင်လုပ်ထားရုံနဲ့လည်း မလုံလောက်ဘူး။ ကျောင်းအိမ်သာ သန့်ရှင်းရေးအတွက် ပိုက်ဆံကောက်ရင်လည်း ကြည်ကြည်ဖြူဖြူ ပေးနိုင်ပါတယ်။ ခြင်ဆေးခွေ၊ ခြင်ဆေးဘူး၊ ဆော့ပင်၊ ဘောဖျက်တွေတောင် စေတနာရှိသလောက်လှူပါလို့ ကလေးကို မှာလိုက်ရင် ကျွန်မတို့က များများထည့်ပေးလိုက်တာပါ။ မြန်မာနိုင်ငံမှာ အိမ်သာ သန့်သန့်ရှင်းရှင်း သုံးတတ်အောင် ကျောင်းကနေစပြီး သင်ပေးလိုက်မှ ရတော့မယ် ထင်တယ်။ မြန်မာတွေက လိုမှပဲ အိမ်သာကို သတိရကြတယ်။ နိစ္စဓူဝ မကင်းနိုင်တာ၊ ကျန်းမာရေးနဲ့လည်း ဆိုင်တာမို့ အိမ်သာသုံးစွဲတာ၊ အိမ်သာသန့်ရှင်းရေးဟာ အရေးကြီးတာကို ကျောင်းတွေမှာ စာတွေ့လည်းသင်၊ လက်တွေ့လည်းပြပေးသင့်တယ်လို့ထင်တယ်"ဟု ကျောင်းသားမိခင်တစ်ဦးကလည်း သူ့အတွေ့အကြုံကို ပြောပြသည်။*

*နိုင်ငံတော်က ချထားပေးသည့် ရန်ပုံငွေတွေ တိုးတက်ရရှိသော်လည်း ကျောင်းအုပ်ဆရာကြီးပြောသည့် လိုအပ်ချက်များ၊ ကလေးမိခင်တွေပြောသည့် လိုအပ်ချက်များ၊ အခြားအခြားသော လိုအပ်ချက်များ ဆက်ရှိနေသေးလျှင် ဒေသ အာဏာပိုင်များ၊ မိဘဆရာအသင်း၊ ကျောင်းအုပ်ချုပ်ရေးအဖွဲ့၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့တို့ စုပေါင်း၍ နားလည်မှုရှိရှိ ဆောင်ရွက်ကြလျှင် အဆင်ပြေမည်ထင်သည်။ ယခုရက်အတွင်း အချို့သော ကျောင်းများ၌ အလှူရှင်များက ကျောင်းအပ်နှံရေးနေ့အခမ်းအနားများတွင် ငွေကြေးများ လှူဒါန်းလျက်ရှိသည်ကို တွေ့ရသည်မှာ အားရဖွယ်ကောင်းလှပါသည်။ အရှည်သဖြင့်လည်း ဆက်လက်လှူဒါန်းစေလိုပါသည်။ ဒါဆိုလျှင် ဘာလိုပါဦးမည်နည်း။*

*ကျောင်းအပ်နှံရေးရက်သတ္တပတ်တွင် မြန်မာနိုင်ငံရှိ ဆရာ ဆရာမများ အားလုံး၊ မိဘများအားလုံး၊ ကျောင်းသား ကျောင်းသူများအားလုံး ဘဝနှင့်ဆန္ဒ ထပ်တူကျပြီး နိုင်ငံတော်က ဖော်ဆောင်နေသော ခေတ်သစ်၊ စနစ်သစ်မျှော်လင့်ချက် အတိုင်း ဖြစ်မြောက်အကောင်အထည်ပေါ်ပါစေ၊ အနာဂတ်အတွက် ခေါင်းဆောင်ငယ်များ၊ လူ့စွမ်းအားအရင်းအမြစ်များကို ရှေ့ဆောင်လမ်းပြနေသော ဆရာ ဆရာမများလည်း စိတ်သစ်၊ လူသစ်၊ ကျောင်းသား ကျောင်းသူများလည်း စိတ်သစ်၊ လူသစ်ဖြင့် ဇွန်လ ၁ ရက်နေ့မှစ၍ နှစ်ဆုံးအထိ အဖိုးတန်အချိန်များစွာကို အကျိုးရှိရှိ ဖြတ်သန်းနိုင်ကြပါစေ။ ပညာရေးလောကအပါအဝင် လောကအားလုံးတွင် စုန်းပြူးများ၊ ငါးခုံးမပုပ်များ ယခုနှစ်မှစ၍ အားလုံးပျောက်ကွယ်သွားပါစေဟု ဆုမွန်ကောင်းတောင်းလိုက်ရပါသည်။ ။*

**သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး**



ပြည်သူ့လွှတ်တော် တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်မှု ကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော် ပြည်သူ့လွှတ်တော် တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်မှုကော်မတီနှင့် အမျိုးသားလွှတ်တော် တိုင်းရင်းသားရေးရာကော်မတီ(၂)ရပ် ပူးပေါင်း၍ ကချင်ပြည်နယ်မှ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းရင်းသားကိုယ်စားလှယ်များ တွေ့ဆုံပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

# ပြည်သူ့လွှတ်တော် တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်မှုကော်မတီနှင့် အမျိုးသားလွှတ်တော် တိုင်းရင်းသားရေးရာကော်မတီ ကချင်ပြည်နယ်မှကိုယ်စားလှယ်များနှင့် မြစ်ကြီးနားမြို့တွင်တွေ့ဆုံ

နေပြည်တော် မေ ၂၇

**ပြည်သူ့လွှတ်တော်တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်မှုကော်မတီနှင့် အမျိုးသားလွှတ်တော် တိုင်းရင်းသားရေးရာ ကော်မတီ(၂)ရပ် ပူးပေါင်း၍ ကချင်ပြည်နယ်မှ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းရင်းသားကိုယ်စားလှယ်များ တွေ့ဆုံပွဲကို မေ ၂၆ ရက် နံနက် ၉ နာရီတွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ ပြည်သူ့လွှတ်တော် တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်မှုကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်နှင့် ကော်မတီဝင်များ၊ ပြည်နယ်ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်း၊ ကချင်ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ ဦးရားဝမ်ဂျုံ၊ ကချင်ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများနှင့် လူမှုရေးအသင်းအဖွဲ့အသီးသီးမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။**

အခမ်းအနားတွင် ပြည်သူ့လွှတ်တော် တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်းက ကချင်ပြည်နယ်အစိုးရအဖွဲ့၏ ဆောင်ရွက်နေသောလုပ်ငန်းများကိုလည်းကောင်း၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင် ဦးတင်ထွေးက ကော်မရှင်၏ လုပ်ငန်းများနှင့်ပတ်သက်၍ ဆောင်ရွက်နေမှုများကို လည်းကောင်း၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးရားဝမ်ဂျုံက ပြည်နယ်လွှတ်တော်၏ လုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ အခမ်းအနားတက်ရောက်လာကြသော ပြည်နယ်ဝန်ကြီးများနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းရင်းသားကိုယ်စားလှယ်များ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီများ၊ နိုင်ငံရေးပါတီများ၊ မြို့မိမြို့ဖများနှင့် လူမှုရေးအဖွဲ့အစည်းများမှ အသီးသီး ဆွေးနွေးတင်ပြကြရာ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များနှင့် ပြည်သူ့လွှတ်တော် တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီဝင်များက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော် တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်က နိဂုံးချုပ်အမှာစကားပြောကြားပြီး ကချင်ပြည်နယ်အတွင်း နယ်မြေလုံခြုံရေးအရ တိမ်းရှောင်လာသော ပြည်သူများအတွက် အလှူငွေများကို ပြည်နယ်လူမှုရေးဝန်ကြီး ဒေါ်ဘောက်ဂျာထံ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

**နေပြည်တော် မေ ၂၈**

၂၀၁၂ ခုနှစ် မေ ၂၈ ရက်တွင် ကျရောက်သော အဇာဘိုင်ဂျန်သမ္မတနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ အဇာဘိုင်ဂျန်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ အယ်လ်မာမာမတ်ယာရော့ဗ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

### ❐ ပြည်ထောင်စုဝန်ကြီးမှ

တက်ရောက်လာကြသည့် ကမ္ဘာ့နိုင်ငံအသီးသီးမှ ထိပ်တန်းခေါင်းဆောင်များနှင့် ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များက ကမ္ဘာ့စီးပွားရေးအခြေအနေကို စိန်ခေါ်နေမှုနှင့် ဖြေရှင်းမှုနည်းလမ်းများအား အာရှ၏ ရှုမြင်သုံးသပ်ချက်၊ အာရှ၏ အနာဂတ်အတွက် ရှေ့တန်းရောက်လာသော သိပ္ပံနည်းပညာ၊ အာရှ-ပစိဖိတ်ဒေသတွင် ဩဇာအာဏာထိန်းညှိမှုပျက်ယွင်းလာခြင်းနှင့် ဒေသတွင်းလုံခြုံရေးအပေါ် သက်ရောက်မှုအခြေအနေ၊ အာရှပေါင်းစည်းကမ္ဘာတွင် လှုပ်ရှားတက်ကြွသော စွမ်းအားသစ်များ ပေါ်ထွန်းလာခြင်းဟူသော အကြောင်းအရာခေါင်းစဉ်များအား တစ်ဦးချင်းနှင့် အဖွဲ့လိုက် ဆွေးနွေးဟောပြောခဲ့ကြပြီး တက်ရောက်လာသူများ၏ မေးမြန်းချက်များကိုလည်း ရှင်းလင်းဖြေကြားခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက အာရှနှင့်ယနေ့ မြန်မာနိုင်ငံတော်သစ်အခြေအနေ၊ မြန်မာနိုင်ငံ၏ အနာဂတ်အလားအလာနှင့် အာရှ၏ အနာဂတ်မျှော်မှန်းချက်ဟူ၍ အပိုင်းသုံးပိုင်းခွဲခြားကာ အသေးစိတ်ဟောပြောဆွေးနွေးခဲ့ပြီး ကွန်ဖရင့်သို့တက်ရောက်လာသူများ၏ သိရှိလိုသည့် မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဆွေးနွေးပြောကြားခဲ့သည်။

ထို့အပြင် ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းသည် ဂျပန်နိုင်ငံစီးပွားရေး၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီး Mr. Yukio Edano နှင့် မေ ၂၄ ရက်တွင် လည်းကောင်း၊ ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Mr. Koichiro Gemba နှင့် မေ ၂၅ ရက်တွင် လည်းကောင်း သီးခြားစီတွေ့ဆုံ၍ မြန်မာနိုင်ငံ၏ လက်ရှိဖြစ်ပေါ်တိုးတက်မှုအခြေအနေ၊ မြန်မာနိုင်ငံတွင် လတ်တလောကြုံတွေ့နေရသည့် လျှပ်စစ်ဓာတ်အားမလုံလောက်မှုနှင့် ဖြေရှင်းဆောင်ရွက်နိုင်မည့်နည်းလမ်းစသည့်အချက်များကို ညှိနှိုင်းဆွေးနွေးခဲ့သည်။

မြန်မာနိုင်ငံ၏ လျှပ်စစ်ဓာတ်အားလိုအပ်နေမှုအခြေအနေကို အထောက်အကူပြုနိုင်ရန်အတွက် ဂျပန်နိုင်ငံမှ 120 MW Gas Turbine သုံးလုံးကို မြန်မာနိုင်ငံအနေဖြင့် ငှားရမ်းအသုံးပြုနိုင်ရန် စီစဉ်ပေးမည်ဖြစ်ကြောင်း ဂျပန်နိုင်ငံ၏ သဘောတူညီမှုကို ရရှိခဲ့သည်။

ထို့အပြင် မြန်မာနှင့်ဂျပန်နှစ်နိုင်ငံ ချစ်ကြည်ရေးနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အကြောင်းအရာများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ပြီး ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းသည် မြန်မာနိုင်ငံသို့ မေ ၂၆ ရက်တွင် ပြန်လည်ရောက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

### ❍ ကျောဖုံးမှ

**(NPT ကွင်း)**

**နေပြည်တော် - ဂိုးမရှိ**

**ရက္ခပူရယူနိုက်တက် - ဂိုးမရှိ**

ဒုတိယအကျော့တွင် ခြေစွာနေသည့် ရက္ခပူရအသင်းကို အိမ်ကွင်း၌ နေပြည်တော်တို့ အနိုင်မယူနိုင်ခဲ့ပေ။ ပထမအကျော့ကလိုပင် သရေပွဲဖြင့်သာ ပြီးဆုံးခဲ့ပြီး ယခုပွဲ သရေရလဒ်ကြောင့် နေပြည်တော်အသင်း၏ ထိပ်ဆုံးမှအသင်းများကို အမီလိုက်မည့်မျှော်လင့်ချက် ထိခိုက်ခဲ့ရသည်။

**ယနေ့ပွဲ**

**(သုဝဏ္ဏကွင်း)**

**Southern - ရတနာပုံ**

### ❖ ဗြိတိန်ဘုရင်မကြီးမှ

ဂါရီဘာလို၏ တောင်းဆိုချက်နှင့် ဘုရင်မကြီး၏ပွဲကို ငြင်းဆန်နိုင်စွမ်းမရှိကြောင်းနှင့် အဆိုပါပွဲအတွက် စိတ်လှုပ်ရှားလျက်ရှိပြီး တော်ဝင်မိသားစုကို ဖျော်ဖြေရန်စိတ်အားထက်သန်လျက်ရှိကြောင်း မိုင်ရာ သတင်းစာသို့ ပြောကြားသည်။ ***အင်တာနက်။***

# ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာဝန်ကြီးများအဆင့်အစည်းအဝေးမှ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင် ပြန်လည်ရောက်ရှိ

နေပြည်တော် မေ ၂၇

**ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်သည် စင်ကာပူသမ္မတနိုင်ငံ၌ မေ ၂၄ ရက်နှင့် ၂၅ ရက်တို့တွင် ကျင်းပသည့် ပဉ္စမအကြိမ်မြောက် အာဆီယံနှင့်အာဆီယံ+၃ ယဉ်ကျေးမှုနှင့်အနုပညာဆိုင်ရာဝန်ကြီးများ အစည်းအဝေးနှင့် ပထမအကြိမ် အာဆီယံ+တရုတ် ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်သည်။**

အဆိုပါအစည်းအဝေးသို့ စင်ကာပူသမ္မတနိုင်ငံ ပြန်ကြားရေး၊ ဆက်သွယ်ရေးနှင့်အနုပညာဆိုင်ရာ ဝန်ကြီးဌာနဝန်ကြီး၊ အာဆီယံနိုင်ငံများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံများမှ ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်က ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆိုင်ရာ စီမံကိန်းများအား အကောင်အထည်ဖော်မည့် လုပ်ငန်းရပ်များ၊ အာဆီယံ+၃ နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုများအား တိုးမြှင့်ဆောင်ရွက်မည့်လုပ်ငန်းရပ်များ၊ အာဆီယံ+တရုတ်နိုင်ငံများအကြား ယဉ်ကျေးမှုနှင့် အနုပညာပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများအား အကောင်အထည်ဖော်မည့် အခြေခံလုပ်ငန်းများ၊ အာဆီယံနိုင်ငံများအတွင်းရှိ လူငယ်များ၏ ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာအရည်အသွေး တိုးတက်မြင့်မားရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ လုပ်ငန်းရပ်များအား ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့အတူ မေ ၂၂ နှင့် ၂၃ ရက်တို့တွင် ကျင်းပသည့် အဌမအကြိမ်အာဆီယံနှင့် အာဆီယံ+၃ ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးသို့ ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသန၊ ပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်မိမိခိုင်၊ အမျိုးသားစာကြည့်တိုက်(ရန်ကုန်)မှ ညွှန်ကြားရေးမှူး ဒေါ်မြဦးနှင့် အမျိုးသားပြတိုက်(ရန်ကုန်)မှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ငွေငွေဆွေတို့ တက်ရောက်ကြသည်။

ဒုတိယဝန်ကြီးသည် မေ ၂၅ ရက်တွင် အစည်းအဝေးတက်ရောက်လာကြသည့် အာဆီယံ+၃ နိုင်ငံများမှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့်အတူ Istana ဝန်ကြီးချုပ်အိမ်တော်သို့ သွားရောက်၍ စင်ကာပူသမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ လီရှန်လွန်းအား ဂါရဝပြုတွေ့ဆုံနှုတ်ဆက်ခဲ့ပြီး ညပိုင်းတွင် Gallery Theatre ၌ ကျင်းပသည့် အာဆီယံ အနုပညာပွဲတော်သို့ တက်ရောက်ခဲ့သည်။ အဆိုပါပွဲတော်တွင် ယဉ်ကျေးမှုဝန်ကြီးဌာနမှ မြန်မာယဉ်ကျေးမှုအနုပညာအဖွဲ့က ပါဝင်ဖျော်ဖြေတင်ဆက်ခဲ့သည်။

ဒုတိယဝန်ကြီးနှင့်အဖွဲ့ဝင်များသည် မေ ၂၆ ရက် ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



**ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင် စင်ကာပူသမ္မတနိုင်ငံ၌ ကျင်းပသည့် ပဉ္စမအကြိမ်မြောက် အာဆီယံနှင့်အာဆီယံ+၃ ယဉ်ကျေးမှုနှင့်အနုပညာဆိုင်ရာဝန်ကြီးများ အစည်းအဝေးနှင့် ပထမအကြိမ် အာဆီယံ+တရုတ် ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်လာသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။**

(သတင်းစဉ်)



**အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်း၌ ကျင်းပမည့် အရှေ့တောင်အာရှနိုင်ငံများမှ စာကြည့်တိုက်မှူးများ၏ (၁၅) ကြိမ်မြောက်ညီလာခံ (Consal XV) တက်ရောက်ရန် မြန်မာနိုင်ငံစာကြည့်တိုက်အသင်း(MLA)အကြံပေးပုဂ္ဂိုလ် ဦးချို အေး(ACA) မေ ၂၇ ရက်က လေကြောင်းခရီးဖြင့်ထွက်ခွာရာ မြန်မာနိုင်ငံစာကြည့်တိုက်အသင်း ဥက္ကဋ္ဌ ဦးကျော်ဦး(ပါမောက္ခချုပ်၊ အမျိုးသား ယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်၊ ရန်ကုန်)နှင့် တာဝန်ရှိသူများ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပို့ဆောင်နှုတ်ဆက်ကြစဉ်။** (ကြေးမုံ)

# ကျေးရွာစာကြည့်တိုက်များအတွက် စာအုပ်စာစောင်များ လှူဒါန်း

**ပျော်ဘွယ် မေ ၂၇**

ပျော်ဘွယ်မြို့နယ်အတွင်းရှိ ကျေးရွာများတွင် ဖွင့်လှစ်ထားသော ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များတွင် ကျေးရွာပြည်သူများ ဖတ်ရှုလေ့လာနိုင်ရန်ရည်ရွယ်၍ မေ ၂၀ ညနေ ၃ နာရီတွင် ပျော်ဘွယ်မြို့ မြင်းဘက်ရပ်ကွက်နေ ဦးတင်အောင်ဆွေ - ဒေါ်ခင်မိုးမိုး (ရွှေလိပ်ပြာသက်န်းတိုက်)မိသားစုက ဂျာနယ်မျိုးစုံ ၂၃၆ အုပ်ကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသို့ လာရောက်လှူဒါန်းရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဖုန်းနိုင်က လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။

(ဖုန်းနိုင်)

# ပူးပေါင်းလက်တွဲပါဝင်ရန် အားလုံး၌ တာဝန်ရှိသည်

**ချမ်းမြအေး**

ဒီမိုကရေစီခရီးသည် လွယ်မယောင်နှင့်ခက်၊ တိမ်မယောင်နှင့်နက်သော ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်တစ်ရပ် ဖြစ်သည်။ ဖြောင့်ဖြောင့်တန်းတန်း အဆင်ပြေချောမွေ့သောကာလလည်းရှိမည်။ အချိုးအကွေ့များဖြင့် ပင်ပန်းခက်ခဲမှုလည်း ရှိနိုင်သည်။ အရှိန်အဟုန်ဖြင့် ရှေ့ခရီးဆက်နိုင်သည်လည်းရှိမည်။ နှောင့်နှေးမှုကို စိတ်ရှည်သည်းခံ၍ ခရီးဆက်ရသည်လည်း ရှိနိုင်သည်။ အချို့သော အခြေအနေများတွင် ခုန်ပျံကျော်လွှားသွားနိုင်သည်များရှိသကဲ့သို့ အချို့ကဏ္ဍများတွင်မူ တစ်ဆင့်ချင်းသာ သိမ်သိမ်မွေ့မွေ့ ညင်ညင်သာသာ စနစ်တကျ ကူးပြောင်းနိုင်ရေး ဆောင်ရွက်ရသည်လည်းရှိမည်မှုချဖြစ်သည်။ ထို့ကြောင့် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး (Democracy Reform)တွင် ပါဝင်ပတ်သက်သည့် Stake Holders အားလုံး၏ရင့်ကျက်ပြည့်ဝမှု၊ စိတ်ရင်းစေတနာမှန်ကန်မှု၊ ဆန္ဒထက်သန်မှု၊ အမြော်အမြင်ကြီးမှုတို့ မရှိမဖြစ်လိုအပ်သည်ကို မမေ့အပ်။

**ဒီမိုကရေစီသည် ပြည်သူကို ဗဟိုပြုသည်။ လူအများစု(ပြည်သူ)၏ ဆန္ဒသဘောထားကိုအလေးထား အသိအမှတ်ပြုရပြီး လူအများစု(ပြည်သူ)၏ အဆုံးအဖြတ်ကိုလေးစားနာခံရသော ကျင့်စဉ်ဖြစ်သည်။ ထို့ကြောင့် ပြည်သူသည် Democracy Reform ၏အဓိကကျသော အင်အားစုဖြစ်သည်။ ပြည်သူများအနေဖြင့် မိမိတို့ပိုင်ဆိုင်ထား သောအဓိကပဓာနကျမှုအခန်းကဏ္ဍကို ရင့်ကျက်ပြည့်ဝမှု၊ စိတ်ရင်းစေတနာ မှန်ကန်မှု၊ ဆန္ဒထက်သန်မှု၊ အမြော်အမြင်ကြီးမှုတို့ဖြင့်ပေါင်းစပ်၍ အနာဂတ်အောင်မြင်မှုကို ပူးပေါင်းလက်တွဲ တည်ဆောက်ကြရမည်ဖြစ်သည်။**

ယနေ့ မြန်မာနိုင်ငံဝယ် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် ပြုပြင်ပြောင်းလဲရေး မဟာဗျူဟာပထမအဆင့်ကို အတိုင်းအတာတစ်ခုအထိ ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်သည်။ ယခု မဟာဗျူဟာဒုတိယအဆင့်သို့ တစ်ဆင့်တက် ဆောင်ရွက်တော့မည်။ အပြောင်းအလဲကို လိုချင်နေသည့် ပြည်သူများ၏ဆန္ဒကိုအလေးထားပြီး နိုင်ငံတော်အပိုင်းက Reform ကို ထိထိရောက်ရောက် ပြောင်းလဲလုပ်ဆောင်ပေးရန် သန္နိဋ္ဌာန်ချထားပြီးဖြစ်သည်မှာ ယုံမှားသံသယဖြစ်ဖွယ်မရှိ။

နိုင်ငံတော်အပိုင်းက ပြည်သူတစ်ဦးချင်း ထိတွေ့ခံစားနေရသည့်၊ နေ့စဉ်တွေ့ကြုံနေရသည့် စားဝတ်နေရေး၊ သွားလာနေထိုင်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ပြောင်းလဲတိုးတက်ရေး၊ တစ်နည်းအားဖြင့် ပြည်သူတစ်ဦးချင်းစီ၏ လူမှုစီးပွားရေးဘဝကို ထိထိရောက်ရောက်တိုးတက်အောင် ဆောင်ရွက်ပေးနိုင်မည့် အစီအမံများကို အရှိန်အဟုန်ဖြင့် ကြိုးပမ်းမြှင့်တင် ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။ တစ်နည်းအားဖြင့် ပြည်သူတစ်ဦးချင်း နေ့စဉ်ကြုံတွေ့နေရသည့် အခက်အခဲများပြေလည်ပြီး လူမှုစီးပွားဘဝ သိသိသာသာ ပြောင်းလဲသွားအောင် ဆောင်ရွက်သွားမည်ဖြစ်သည်။ ထိုသို့ဆောင်ရွက်ရာ၌ ပြည်သူလူထုဗဟိုပြုဖွံ့ဖြိုးတိုးတက်ရေး (People Centered Development)ရည်မှန်းချက်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ရာ Civil Society များ၏ ပူးပေါင်းဆောင်ရွက်မှုသည်လည်း အထူးအရေးပါလာပေမည်။

လက်ရှိအစိုးရသစ်လက်ထက်ဝယ် နိုင်ငံသည် ကဏ္ဍအားလုံး၌ အရှိန်အဟုန်ဖြင့် ပြောင်းလဲနေသည်မှာ ပကတိအရှိတရားဖြစ်သည်။ သမ္မတကြီးဦးဆောင်သည့် အစိုးရအဖွဲ့က အနာဂတ်ဒီမိုကရေစီလမ်းကြောင်းအတွက် ပြုပြင်ပြောင်းလဲသင့်သည်များကို အချိန်မဆိုင်း အရှိန်အဟုန်ဖြင့် နေ့ချင်းညချင်းပြုပြင်ပြောင်းလဲ ဖော်ဆောင်ပေးနေသည်။ အလားတူ လွှတ်တော်များအပိုင်းကလည်း "ပြည်သူ့အသံ၊ လွှတ်တော်အသံ" ဟူသည့် ခံယူရပ်တည်ချက်မျိုးဖြင့် ဆိုင်ရာလုပ်ငန်းရပ်များတွင် ပြုပြင်ပြောင်းလဲဖော်ဆောင်ပေးနေသည်။ အလားတူ တရားစီရင်ရေးအပိုင်းကလည်း ပြောင်းလဲလာသည့် ခေတ်စနစ်နှင့်အညီ ပြည်သူ့အတွက် တရားရေးမဏ္ဍိုင် တိကျမှန်ကန်ခိုင်မာမှုရှိစေရန် ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်ပေးလျက်ရှိသည်။ တစ်ဖက်က စတုတ္ထမဏ္ဍိုင် စာနယ်ဇင်းလောကသည်လည်း နိုင်ငံတော်အပိုင်းက ဖြေလျှော့ခွင့်ပြုပေးမှုများနှင့်အတူ ပွင့်လင်းမြင်သာပြီး လွတ်လပ်မှုနှင့် တာဝန်ယူမှု၊ လွတ်လပ်မှုနှင့် ဆင်ခြင်တုံတရားတို့ကို ယှဉ်တွဲကျင့်သုံးနိုင်သော စတုတ္ထမဏ္ဍိုင်ပီပီသသရပ်တည်လာနိုင်တော့မည်ဖြစ်သည်။

ပြုပြင်ပြောင်းလဲမှုများမှာ မှန်ကန်သောစေတနာနှင့် ထက်သန်ပြင်းပြသောဆန္ဒဓာတ်တို့ဖြင့် ဖော်ဆောင်မှုများကြောင့် နိုင်ငံတကာအပါအဝင် မည်သူမျှမမျှော်မှန်းခဲ့သော အလျင်နှုန်း အရှိန်အဟုန်မျိုးဖြင့် တိုးတက်ဖြစ်ထွန်းလျက်ရှိသည်။ နိုင်ငံတကာက ဤမျှသွက်လက်မြန်ဆန်စွာ ပြုပြင်ပြောင်းလဲနိုင်လိမ့်မည်ဟု မမျှော်လင့်ခဲ့။ မြန်မာပြည်သူများကလည်း ဤမျှအထိ နေ့ချင်းညချင်း ဖြစ်ပေါ်ပြောင်းလဲတိုးတက်လာမည်ဟု မမျှော်လင့်ခဲ့။ သို့သော် မျှော်လင့်သည်ဖြစ်စေ၊ မမျှော်လင့်သည်ဖြစ်စေ နိုင်ငံတော်အပိုင်းက မည်သူ့တိုက်တွန်းမှုမျှမပါဘဲ ကိုယ်ပိုင်ခံယူချက်အသိဖြင့် ထက်သန်ပြင်းပြစွာ ပြုပြင်ပြောင်းလဲဖော်ဆောင်နေသည်မှာ လက်တွေ့မျက်မြင်ဖြစ်သည်။ အားလုံးအံ့အားသင့်ကြရသည်။ တအံ့တသြချီးကျူးကြရသည်။ တစ်ဆက်တည်း အပြုသဘောတုံ့ပြန်မှုများဖြင့် အသိအမှတ်ပြုကြရသည်။ ဤသည်မှာ လက်ရှိအခြေအနေမှန်ပင်ဖြစ်သည်။

ပြည်သူများကိုယ်တိုင်လည်း အသိပင်ဖြစ်သည်။ ယခင်အခြေအနေနှင့် ယခုအခြေအနေမတူတော့။ လွတ်လပ်မှု၊ ပွင့်လင်းမှုတွေ အများကြီးပိုလာသည်။ နိုင်ငံသားတစ်ယောက်၏ ရပိုင်ခွင့်တွေ၊ ရပ်တည်မှုတွေ၊ ဂုဏ်သိက္ခာတွေအများကြီး တိုးတက်ပိုင်ဆိုင်လာသည်။ လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်မှုအတွက် အလားအလာကောင်းတွေ၊ မျှော်လင့်ချက်၊ မျှော်မှန်းချက်တွေ ပိုမိုခိုင်မာလာသည်။ ပြည်သူ၏ ရပ်တည်မှုအခန်းကဏ္ဍမြင့်မားလာသည်။ ပွင့်ပွင့်လင်းလင်းပြောရလျှင် ယခင်တုန်းက မရခဲ့တာတွေ ယခုရနေပြီ။ ယခင်တုန်းက လုပ်ခွင့်၊ ပြောခွင့်မရခဲ့တာတွေ ယခုလုပ်နိုင်၊ ပြောနိုင်နေကြပြီ။ ယခင်တုန်းက လျစ်လျူရှုခံခဲ့ရသမျှ ယခုထိုက်တန်သည့် အသိအမှတ်ပြုမှုကို ခံယူရရှိနေကြပြီ။ ကိန်းဂဏန်းဖြင့်၊ ရာခိုင်နှုန်းဖြင့် ဖော်ပြ၍မရနိုင်သော်လည်း တစ်ဦးချင်းစီ၏ ရင်ထဲ၊ နှလုံးသားထဲ၌ ခံစားသိမြင်နားလည်နိုင်သော တိုးတက်ပြောင်းလဲမှုများကို ပြည်သူအားလုံး ရနေကြပြီဖြစ်သည်။

သူများနိုင်ငံနှင့်ယှဉ်လျှင် ရတာနည်းသေးသည်ဟု စောဒကတက်လိုသူများ ရှိနိုင်သည်။ သို့သော် ရေတစ်ဝက်ရှိလာပြီးဖြစ်သော ဖန်ခွက်အပေါ် အကောင်းမြင်ပြီး ရေအပြည့်ဖြစ်လာမည့် အနာဂတ်အတွက် အကောင်းဆုံးဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သင့်သည်ဟု ဆိုချင်သည်။ အကောင်းအဆိုး၊ အနိမ့်အမြင့်၊ အတက်အကျဟူသည်မှာ နှိုင်းရသီအိုရီအရ နှိုင်းယှဉ်သည့် အနှိုင်းခံညွှန်းကိန်းအပေါ်၌သာ မူတည်သည်။ ယခင်နှင့် ယခု လက်ရှိကွာခြားမှုသည်ပင် ယခင်က မည်သို့မျှမမျှော်မှန်းနိုင်ခဲ့သော တိုးတက်မှုဖြစ်သည်ကို မမေ့သင့်။

လတ်တလောအခြေအနေတွင် အချို့သောမြို့ကြီးများ၌ ဖယောင်းတိုင်မီးများကိုင်ဆောင်၍ လျှပ်စစ်မီးရရှိရေး၊ ရေရရှိရေး ဆန္ဒဖော်ထုတ်မှုများ ကြိုးကြားကြိုးကြား ပြုလုပ်နေသည်ကို သတိပြုမိသည်။ အလားတူ လှိုင်သာယာ၊ မြောက်ဥက္ကလာ၊ မင်္ဂလာဒုံ၊ ဒဂုံမြို့နယ်များရှိ စက်ရုံအချို့တွင် အလုပ်သမားအခွင့်အရေးတောင်းဆိုသည့် ဆန္ဒပြပွဲများလည်း ဆက်တိုက်ဆိုသလို ကြားသိနေရသည်။ ယခင် အစိုးရအဆက်ဆက်က စီမံကိန်းအမျိုးမျိုးအတွက် သိမ်းယူခံခဲ့ရသည့် လယ်မြေများအတွက် နစ်နာကြေးရလိုမှု တောင်းဆိုရေးလှုပ်ရှားမှုများလည်း ရှိနေသည်။ အမျိုးမျိုးသော အဖွဲ့အစည်း၊ အသင်းအပင်း၊ သမဂ္ဂဖွဲ့စည်းရေး လှုပ်ရှားမှုများကိုလည်း တွေ့နေရသည်။ အဆိုပါ ဆန္ဒထုတ်ဖော်မှုများ၊ တောင်းဆိုဆန္ဒပြမှုများ၊ လှုပ်ရှားမှုများတွင် နိုင်ငံရေးပါတီအချို့နှင့် နိုင်ငံရေးသမားအချို့နောက်ကွယ်မှ ပါဝင်ပတ်သက်နေကြသည်ကိုလည်း ကြားသိတွေ့မြင်နေရသည်။

ပြောရလျှင် ဤအခြေအနေများမှာ နိုင်ငံနှင့်ပြည်သူ၏ အနာဂတ်အတွက် အသိတရား၊ သတိတရားနှင့်ယှဉ်၍ ဆောင်ရွက်သင့်ကြသောအခြေအနေဖြစ်သည်။ ကျွန်တော်ပြောခဲ့ပြီးပါပြီ။ ယခင်၊ ယခု အခြေအနေများကို နှိုင်းယှဉ်ပြီး ဖန်ခွက်ထဲကရေတစ်ဝက်ကို အပြုသဘောရှုမြင်သင့်သည်။ လတ်တလော လျှပ်စစ်မီးများ ဘာကြောင့်ပြတ်တောက်နေရသည်ဆိုသည်ကို ပြည်သူအားလုံး သိပြီးဖြစ်သည်။ ဘယ်သူ့လက်ချက်ကြောင့် ဘယ်လိုတွေပျက်စီးပြီး ယခုဘယ်လိုကုစားဖို့ကြိုးပမ်းဆောင်ရွက်နေသည်များကို နိုင်ငံပိုင်မီဒီယာများမှ အချိန်နှင့်တစ်ပြေးညီ ထုတ်လွှင့်ဖော်ပြပြီး Awareness လုပ်နေသည်ကိုလည်း အားလုံးအသိ။ အလုပ်ရှင်အလုပ်သမား အငြင်းပွားမှုဆိုရာမှာလည်း ပြဋ္ဌာန်းပြီးဖြစ်သည့် အလုပ်သမားအဖွဲ့အစည်းများဥပဒေ၊ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေများနှင့်အညီ နည်းလမ်းတကျပြေလည်စွာ ညှိနှိုင်းဖြေရှင်းနိုင်သည့် ကိစ္စရပ်များသာဖြစ်သည်။

ဤသို့ဆို၍ ဆန္ဒထုတ်ဖော်မှုများ၊ တောင်းဆိုမှုများမလုပ်ရဟု မဆိုလိုပါ။ မြန်မာပြည်သူများ ယခုကဲ့သို့ မိမိဆန္ဒကို လွတ်လပ်စွာ ထုတ်ဖော်တင်ပြတောင်းဆိုမှုများ လုပ်ဆောင်လာနိုင်သည်ကို ပြည်သူထဲက ပြည်သူတစ်ယောက်အနေဖြင့် ဂုဏ်ယူမိသည်။ ဒီမိုကရေစီနိုင်ငံသားတစ်ယောက်အနေဖြင့် ရသင့်ရထိုက်သည့် ရပိုင်ခွင့်များဖြစ်၍ အားလည်းအားပေးသည်။ သို့သော် မိဘ၏အခက်အခဲနှင့်အခြေအနေမှန်ကို ခရေစေ့တွင်းကျ သိမြင်နားလည်ထားပြီးဖြစ်ပါလျက် တမင်သက်သက် ဂျီကျဆိုးနွဲ့နေသော သားသမီးများ မဖြစ်စေလိုသည်မှာလည်း အမှန်ပင်ဖြစ်သည်။ မိဘက ပိုင်ဆိုင်သည့် နေဥစ္စာ၊ လက်ရှိရှိနေသည့် အခြေအနေများအပေါ်မူတည်၍ တစ်ဆင့်ပြီးတစ်ဆင့် အကောင်းဆုံးလုပ်ဆောင်ပေးနေသည်များကို မိမိတတ်နိုင်သည့်ဘက်မှ ဝိုင်းဝန်းပံ့ပိုးကူညီပြီး မိမိတို့ဖြစ်စေလိုသည့် အဆင့်တစ်ခုသို့ အမြန်ဆုံးရောက်ရှိအောင် လက်တွဲပူးပေါင်းကြိုးပမ်းသည့်နည်းလမ်းမျိုး ရွေးချယ်နိုင်မည်ဆိုပါက သားရွှေအိုးထမ်းသည့်ကိန်းဆိုက်မည်မှာ မုချဧကန်ပင်ဖြစ်သည်။

**နိုင်ငံတော်၏ အဘက်ဘက်မှ နောက်ကျနေရသော အခြေအနေများအတွက် ဒီယနေ့ တာဝန်ယူနေသူတွေ ဘယ်လောက်အထိကြိုးပမ်းဖြည့်ဆည်း ဆောင်ရွက်ပေးနေရသည်ကိုလည်း အားလုံးသိနားလည်ပြီးဖြစ်သည်။ ထို့ကြောင့် တစ်ဖက်တည်း၊ တစ်ဘို့တည်း မကြည့်ဘဲ မျှမျှတတရှုမြင်သုံးသပ်ဆောင်ရွက်နိုင်လျှင် အဖြေမှန်နှင့် ပိုနီးမည်ဖြစ်သည်။ နိုင်ငံနှင့် ပြည်သူ၏ အနာဂတ်အတွက် ဒီမိုကရေစီနှင့်ထိုက်တန်သည့် နိုင်ငံသားကောင်းပီသစွာ ရင့်ကျက်ပြည့်ဝမှု၊ စိတ်ရင်းစေတနာမှန်ကန်မှု၊ ဆန္ဒထက်သန်မှု၊ အမြော်အမြင်ကြီးမှုတို့ပေါင်းစပ်၍ ပူးပေါင်းလက်တွဲ ဆောင်ရွက်သင့်သည်။**

ယနေ့ဖြစ်ပေါ်နေသည့် ဆန္ဒထုတ်ဖော်မှု၊ တောင်းဆိုမှုများသည် ကာယကံရှင်များက မည်သို့သော ရည်ရွယ်ချက်မျိုးဖြင့် ဆောင်ရွက်ကြသည်ဖြစ်စေ ဒေသရပ်ရွာ၏ တည်ငြိမ်အေးချမ်းမှုကို အနည်းနှင့်အများဆိုသလို ထိခိုက်ပျက်ယွင်းစေသည်သာဖြစ်သည်။ ဒေသရပ်ရွာအများအပြား၏ တည်ငြိမ်အေးချမ်းမှုပျက်ပြားလာမည်ဆိုပါက တစ်နိုင်ငံလုံး၏ တည်ငြိမ်အေးချမ်းမှုကိုပါ ထိခိုက်လာမည်ဖြစ်သည်။ အားလုံးသိပြီးဖြစ်သည့်အတိုင်း တည်ငြိမ်အေးချမ်းမှုသည် ဒီမိုကရေစီဖော်ဆောင်မှု၏ ဖွားဖက်တော်ဖြစ်သည်။ တည်ငြိမ်အေးချမ်းမှုမရှိဘဲ ဒီမိုကရေစီကို မည်သို့မျှအောင်မြင်အောင် ဖော်ဆောင်နိုင်မည်မဟုတ်။ တစ်ချိန်တည်းမှာပင် ပြည်သူတစ်ရပ်လုံး လိုလားတောင့်တနေသည့် ဖွံ့ဖြိုးတိုးတက်မှုကိုလည်း တည်ဆောက်နိုင်မည်မဟုတ်။ သို့ဆိုလျှင် ထိုထိုသော မတည်မငြိမ်ဖြစ်အောင် လုပ်ဆောင်မှုများသည် ပြည်သူတစ်ရပ်လုံး၏ မျှော်လင့်တောင့်တချက်နှင့်လုံးလုံးလျားလျားဆန့်ကျင်နေမည်သာဖြစ်သည်။ ထို့ကြောင့် နိုင်ငံရေးပါတီများနှင့် နိုင်ငံရေးသမားများကလည်း သတိတရားနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်သင့်ကြသည်။

ပွင့်ပွင့်လင်းလင်းပြောရလျှင် ယခုတောင်းဆိုနေသည့်ကိစ္စများကို နိုင်ငံတော်က မလုပ်ပေးနေသည်လည်းမဟုတ်။ ရှိနေသည့် အခြေအနေအတွင်းမှအကောင်းဆုံးဖြစ်အောင် လုပ်ပေးနေသည်ကိုလည်း အားလုံးအသိ။ ရှေ့ဆက်ပြီးလည်း လုပ်ပေးဆဲ၊ လုပ်ပေးနေဦးမည်သာဖြစ်သည်။ ရောမမြို့ကြီးကို တစ်နေ့တည်းနှင့် တည်ဆောက်ခဲ့ခြင်း မဟုတ်သည်ကို မမေ့သင့်။ ကျွန်တော်တို့လည်း ဒီမိုကရေစီနိုင်ငံတော်ကြီးကို နေ့ချင်းညချင်းတည်ဆောက်နိုင်လိမ့်မည်ဟု မမျှော်လင့်သင့်။ ဆန္ဒမစောသင့်။ မြန်စေလိုသောဆန္ဒဖြင့် တွန်းအားပေးသည်မှာမှန်သော်လည်း ဝန်နှင့်အားမျှဖို့လိုသည်။ မနိုင်ဝန်ထမ်းနေရမှန်းသိလျှင် မိမိကလည်း ဝိုင်းဝန်းကူမျှ ထမ်းပိုးသင့်သည်။ နားလည်မှုရှိရှိဖြင့် ပူးပေါင်းဆောင်ရွက်သင့်သည်။

ကျွန်တော့်အမြင်ပြောရလျှင် Reform ဟူသည် စင်းလုံးချော ချောမွေ့ပြေပြစ်သော လမ်းကြောင်းတစ်ခုမဟုတ်။ အခြေအနေတစ်ခုမှ အခြားအခြေအနေတစ်ခုသို့၊ စနစ်တစ်ခုမှ အခြားစနစ်တစ်ခုသို့၊ မူဝါဒသဘောတရားတစ်ခုမှ အခြားမူဝါဒသဘောတရားတစ်ခုသို့ ပြောင်းလဲခြင်းဖြစ်ရာ အဆိုပါအပြောင်းအလဲ(အသွင်ကူးပြောင်းမှု) အောင်မြင်စေရေးအတွက် အလျှော့အတင်း၊ စိုက်ထုတ်ပေးဆပ်မှု၊ ရေကုန်ရေခန်းကြိုးပမ်းရမှု၊ ဆုံးရှုံးနစ်နာမှုစသည်တို့မှာ မလွဲမသွေဖြတ်သန်းရမည့် မှတ်တိုင်များပင်ဖြစ်သည်။ "ထောင်မြင်ရာစွန့်" ရသောလုပ်ငန်းမျိုးဖြစ်၍ ထောင်ချီသော အကျိုးအမြတ်မရမီ ရာချီသောပိုင်ဆိုင်မှုကို စွန့်လွှတ်ကောင်း စွန့်လွှတ်ရနိုင်သည်ကို မမေ့အပ်။ ထို့ပြင် တစ်ဆင့်ချင်းတစ်ဆင့်ချင်း သွားရသောခရီးမျိုးဖြစ်၍ "အခုရေတွင်းတူး အခုရေကြည်သောက်"ချင်သော လောဘမျိုးကိုလည်း အသိ၊ သတိတို့ဖြင့် ထိန်းချုပ်ရမည်ကို မမေ့အပ်။ Democracy Reform ကိုအချိန်ယူ၍ စနစ်တကျ တစ်ဆင့်ချင်း မဆောင်ရွက်နိုင်ခဲ့သည့်အတွက် အရင်းအနှီးကြီးမားစွာ ပေးဆပ်ခဲ့ရသော အီဂျစ်၊ လစ်ဗျားအပါအဝင် အာရပ်နွေဦးသင်ခန်းစာများကိုလည်း မမေ့အပ်။

ဒီမိုကရေစီအခွင့်အရေးသည် လူတိုင်း၌ ညီတူညီမျှရှိကြသည်။ မည်သူမျှ မပိုသကဲ့သို့ မည်သူမျှလည်း မလိုပေ။ သို့သော် လူတစ်စုတစ်ဖွဲ့၏ အလျင်လိုသော ဆန္ဒစွဲများကြောင့် ကျန်အများစုကြီး၏ တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသော ဆန္ဒများ ထိခိုက်ဆုံးရှုံးရမည်ဆိုလျှင်. . .။

ယနေ့ နိုင်ငံတော်အစိုးရ၏ ပြုပြင်ပြောင်းလဲဖော်ဆောင်မှုများသည် ပွင့်လင်းမြင်သာပြီး အလွန်ပင်ထိရောက် မြန်ဆန်လွန်းလှသည်။ ယခုပင် အကောင်အထည်ဖော်ဆောင်ရွက်မှုများ၌ Top Down ပုံစံအစား Bottom up Initiative ပုံစံပြောင်းလဲဆောင်ရွက်ကြရန် သမ္မတကြီးကိုယ်တိုင်က လမ်းညွှန်မှာကြားခဲ့ပြီး ဖြစ်သည်။ ထို့ပြင် စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ကြရာ၌ အသေးစိတ်လေ့လာဆောင်ရွက်သွားကြရမည့် ရည်မှန်းချက်များကို ချပြပြီးဖြစ်သည်။ အဆိုပါ ရည်မှန်းချက်များတွင် **"ပြည်သူတစ်ဦးချင်း၊ တစ်အိမ်ထောင်ချင်း ရေ၊ မီး အဆင်ပြေစေရန်"** ဟူသည့် ရည်မှန်းချက်လည်းပါဝင်သည်ကို အားလုံးသတိပြုမိကြပြီးဖြစ်ပေမည်။ ပြောရလျှင် ယနေ့အစိုးရက ပြည်သူကိုအလေးထားသည်။ ပြည်သူ့ဆန္ဒကို အလေးထားသည်။ ထို့ကြောင့်လည်း ပြည်သူ့ဆန္ဒနှင့်အညီ လိုအပ်ချက်များကို သိသိသာသာပြောင်းလဲတိုးတက်အောင်ရည်မှန်း၍ ကြိုးပမ်းဆောင်ရွက်နေသည်။ ယနေ့ မဖြစ်နိုင်သေးသည်များ မနက်ဖြန်၊ သန်ဘက်ခါဖြစ်လာမည်မှာ ယုံမှားသံသယဖြစ်ဖွယ်မရှိ။

**"နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့အတွက် နိုင်ငံသားတိုင်းမှာ တာဝန်ရှိပါတယ်၊ တိုးတက်လိုတဲ့ဆန္ဒသာရှိပြီး အလုပ်ကိုကြိုးစားမလုပ်ရင်၊ စည်းကမ်းမရှိရင်၊ စည်းလုံးမှုမရှိရင် သူများနိုင်ငံနောက်ကလိုက်နေရမှာ ဖြစ်ပါတယ်။ ဘယ်လောက်ပဲ ကောင်းမွန်တဲ့ ရေမြေတောတောင် သဘာဝအရင်းအမြစ်တွေကို ပိုင်ဆိုင်ထားသော်လည်း အလုပ်ကို ကြိုးစားပမ်းစားနှင့်မလုပ်ရင် ဆင်းရဲမြဲ ဆင်းရဲနေမှာ ဖြစ်ပါတယ်၊ အဆင်းရဲဆုံး LDC နိုင်ငံဘဝက ရုန်းထွက်နိုင်ဖို့အတွက် တစ်ခုတည်းသောနည်းလမ်းက ဥပဒေနှင့်အညီ အလုပ်လုပ်ကြဖို့ ဖြစ်ပါတယ်"**

မေလ ၁၁ ရက်နေ့က နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးများကို ပိုမိုထိရောက်စွာ ပြုပြင်ပြောင်းလဲကြိုးပမ်းဆောင်ရွက်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်မိန့်ကြားချက်မှ နိဂုံးချုပ်ပြောကြားချက် ကောက်နုတ်ချက်ဖြစ်သည်။ မှန်ပါသည်။ ကျွန်တော်တို့နိုင်ငံသည် အခြားနိုင်ငံများထက် သာလွန်ကောင်းမွန်သည့် ရေမြေတောတောင် သဘာဝအရင်းအမြစ်များကို ပိုင်ဆိုင်ထားပြီး ဖြစ်သည်။ သို့ပါလျက် ကျွန်တော်တို့ LDC နိုင်ငံဘဝကျရောက်နေရသည်။ ယခုအချိန်တွင် မည်သူမည်ဝါ အပြစ်ပုံချနေ၍ အကျိုးရှိနိုင်မည်မဟုတ်တော့။ ကျွန်တော်တို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန် ကျွန်တော်တို့နိုင်ငံသားတိုင်း တာဝန်ရှိသည်။ တိုးတက်လိုသည့်ဆန္ဒလည်း လူတိုင်း၌ရှိကြသည်။ ထိုဆန္ဒကိုအရင်းခံ၍ စည်းကမ်းရှိစွာ၊ စည်းလုံးညီညွတ်မှုရှိစွာ၊ ဥပဒေနှင့်ညီညွတ်စွာ ကြိုးစားပမ်းစား အပတ်တကုတ် လက်တွဲပူးပေါင်းဆောင်ရွက်နိုင်ကြမှသာ ကျွန်တော်တို့၏အနာဂတ်အိပ်မက်များကို လက်တွေ့အမှန်တကယ် မျက်မှောက်ပြုနိုင်ကြမည်ဖြစ်သည်။

**မဝေးတော့သည့်ကာလတွင် ကျွန်တော်တို့ပြည်သူအားလုံး၏ လိုလားချက်ဆန္ဒများ၊ မျှော်လင့်ချက် မျှော်မှန်းချက်များ အမှန်တကယ်ပြည့်ဝလာရမည်။ ယနေ့ ပြုပြင်ပြောင်းလဲမှုများ၌ ပူးပေါင်းလက်တွဲပါဝင်ရန် ကျွန်တော်တို့အားလုံး၌ တာဝန်ရှိပါသည်။** ။

## MRTV-4 ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

**၂၈-၅-၂၀၁၂ (တနင်္လာနေ့)**

၅း၄၀ "အနိစ္စမြင်တိုင်း ဝိပဿနာမဖြစ်ဘူး"တရားတော် (ဆရာတော်ဘဒ္ဒန္တဒေါက်တာ စန္ဒာဝရာဘိဝံသ)
၆း၄၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အဖြူရောင်တိမ်တိုက်လေး" (အပိုင်း-၃၅)**
၁၀း၅၅ ဘဝထဲကကဗျာ၊ ကဗျာထဲကဘဝ (အမေ့အမွေ)
၁၂း၂၀ ရွှေရောင်တောက်ပသော အနာဂတ်နေ့ရက်များဆီသို့ လူငယ်နှင့်အချစ်ရေး(အပိုင်း-၂)
၁၂း၃၀ Myanmar Cooking Master (တတိယအဆင့်) (ပွဲစဉ်-၁)
၄း၀၀ MNL (Southern Myanmar Vs Yadanarbon) (LIVE)
၆း၄၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အဖြူရောင်တိမ်တိုက်လေး" (အပိုင်း-၃၆)**
၈း၃၀ **မြန်မာရုပ်သံဇာတ်လမ်းတွဲ** "The Sign of Love" (အချစ်သင်္ကေတ) (အပိုင်း-၉)
၈း၅၅ အနုပညာမိုးကောင်းကင်
၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ဘဝအားမာန်" (အပိုင်း-၅၀)**
၁၀း၂၀ သီချင်းကောင်းကောင်း သီချင်းတောင်း
၁၀း၄၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နှလုံးသားပုံဖော်ရာ" (အပိုင်း-၂၂)**
၁၁း၅၀ အများမြင်စရာနှစ်ပါးသဘင်မဟာ (မြို့ရွှေမန်းသား ဖိုးချစ်တို့ကတဲ့ ဇာတ်အလှသဘင်) (အပိုင်း-၃)
၁၂း၂၅ မေတ္တာပန်းတို့မွှေးပျံ့စေ (ပြည့်စုံအောင်၊ မိုးပြည့်ပြည့်မောင်၊ ဦးအောင်ကျော်၊ ချိုပြုံး) (ဒါရိုက်တာ-ခေတ်ပုံရဲမြင့်လွင်)
၁း၁၀ နုယဉ်ဆန်းထွင် ပန်းအလှဆင် (ပန်းကိုင်းများဖြင့် တြိဂံပုံ ဒီဇိုင်းအလှပြင်ဆင်ပုံ)
၂း၅၅ ကဏ္ဍစုံလင်အားကစားအစီအစဉ်

## ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ပျိုးပင်များဖြန့်ဝေ

**ကေတုမတီ မေ ၂၇**

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးဆိုင်ရာ ပညာပေးဟောပြောပွဲနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဆိုင်ရာ ပျိုးပင်များဖြန့်ဝေခြင်း အခမ်းအနားကို တောင်ငူမြို့နယ် သစ်တောဦးစီးဌာနက မေ ၂၃ရက် နံနက် ၉ နာရီတွင် ကေတုမတီမြို့သစ် အခြေခံပညာအထက်တန်းကျောင်းခန်းမတွင် ကျင်းပရာ မြို့နယ်သစ်တောဦးစီးဌာန တောအုပ်ကြီး ဦးစိုင်းခွန်ဖုန်းက သစ်တောဥပဒေဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာ သစ်ပင်စိုက်ပျိုးခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် တစ်ရွာ တစ်ဧက ၊ တစ်အိမ်ထောင် ကျွန်းသုံးပင်နှင့် သစ်မာအပင်၂၀ စိုက်ပျိုးရန်အတွက် ကျွန်းပျိုးပင် ၈၀၀ နှင့် ယူကလစ်ပျိုးပင် ၁၈၀၀တို့အား တောအုပ်ကြီးက ဖြန့်ဝေပေးရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

(၅၇၈)



**ယဉ်ကျေးလိမ္မာသင်တန်း စာမေးပွဲကို ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် အမှတ်(၁၃)ရပ်ကွက် သံဃနာယကဥက္ကဋ္ဌ ရွှေခြံမေ့ရိပ်သာကျောင်း၌ မေ ၂၅ ရက်က ကျင်းပရာ မြို့နယ်သံဃနာယကဥက္ကဋ္ဌ ဦးဇာဂရိယနှင့် မြို့နယ်သာသနာ့နုဂ္ဂဟ အဖွဲ့ဝင်များ စစ်ဆေးကြည့်ရှုစဉ်။**(၅၉၃)

## မြစ်ဝကျွန်းပေါ်ဒေသများသို့ အနောက်တောင်မုတ်သုံလေ ဝင်ရောက်နိုင်

နေပြည်တော် မေ ၂၇

**ယနေ့နံနက် ၉ နာရီခွဲထိ**
**မိုးလေဝသ တိုင်းထွာချက်အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄ နာရီအတွင်းက ရန်ကုန်တိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။ **နေ့အပူချိန်များမှာ** စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ချင်းပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက် ၄ ဒီဂရီစင်တီဂရိတ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက် ၇ ဒီဂရီစင်တီဂရိတ်မှ ၈ ဒီဂရီစင်တီဂရိတ်ထိပိုခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီးတွင် မေလ၏ပျမ်းမျှအပူချိန်အောက် ၃ ဒီဂရီစင်တီဂရိတ်လျော့နည်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ **ထူးခြားသည့် နေ့အပူချိန်များမှာ** ကလေးဝမြို့နှင့် မြင်းခြံမြို့တို့တွင် ၄၃ဒီဂရီစင်တီဂရိတ်စီ၊ မော်လိုက်မြို့၊ ကလေးမြို့၊ မုံရွာမြို့၊ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့နှင့် ဆင်ဖြူကျွန်းမြို့တို့တွင် ၄၂ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေ**

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင် မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်**

မြစ်ဝကျွန်းပေါ်ဒေသများသို့ အနောက်တောင်မုတ်သုံလေ ဝင်ရောက်နိုင်သည်။

## သတိပြုဆင်ခြင်ဖွယ်ရာ မှုခင်းအဖြာဖြာ

### ရန်ကုန်-မန္တလေး အမှတ်(၁)အဆန် စာပို့ရထား တွဲချော်

**ရေတာရှည် မေ ၂၇**

ရန်ကုန်မှ မန္တလေးသို့ စက်ခေါင်းမောင်း ဦးအေးမင်းထွန်း မောင်းနှင်သည့် စက်ခေါင်းအမှတ် DF-1347 အမှတ်(၁) အဆန် စာပို့ရထားသည် ရေတာရှည်မြို့နယ် သာဂရမြို့အနီး ရထားလမ်းမိုင်တိုင်အမှတ် ၁၉၄/၂၂ နှင့် ၁၉၄/၂၃ ကြားအရောက်တွင် နောက်ဆုံးတွဲအမှတ် 10766 ၏ ယာဘက်ဘီးချော်ကျခဲ့သည်။ ရထားတွဲချော်ကျသည့်နေရာသို့ တာဝန်ရှိသူများရောက်ရှိ၍ အမြန်ဆုံးပြုပြင်ဆောင်ရွက်ခဲ့ပြီး ရထားမှာ မန္တလေးဘက်သို့ ဆက်လက်ထွက်ခွာသွားကြောင်း သိရသည်။

(၅၇၈)

### နှစ်လုံးထီလောင်းကစားသူအား ထောင်ဒဏ် နှစ်နှစ်ချမှတ်

**ရန်ကုန် မေ ၂၇**

မတ် ၂၃ ရက် ညနေ ၃ နာရီက မုံရွာအမှတ်(၂) ရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် သတင်းအရ မုံရွာမြို့ လယ်တီရပ်ကွက်နေ ဒေါ်အေးအေးမာ(၄၁)နှစ် နေအိမ်သို့ သက်သေများနှင့်အတူ ဝင်ရောက်ရှာဖွေခဲ့ရာ နေအိမ်အတွင်းမှ နှစ်လုံးထီ လောင်းကစားရာတွင် အသုံးပြုသည့် စာရွက်စာတမ်းများနှင့် လောင်းကြေးငွေကျပ် ၄၆၆၄၀ တို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် မုံရွာအမှတ်(၂)ရဲစခန်းက (ပ)၁၃၆/၂၀၁၂ လောင်းကစားဥပဒေပုဒ်မ ၁၅(က)/ ၁၆(က)ဖြင့် အမှုဖွင့်အရေးယူခဲ့သည်။

အမှုအား မုံရွာမြို့နယ် တရားရုံးက စစ်ဆေးရာ ပြစ်မှုထင်ရှားသဖြင့် မုံရွာမြို့ လယ်တီရပ်ကွက်နေ အေးအေးမာ(၄၁)နှစ်အား လောင်းကစားဥပဒေပုဒ်မ ၁၅(က) အရ အလုပ်နှင့် ထောင်ဒဏ် နှစ်နှစ်ကျခံစေရန် မေ ၃ ရက်က ပြစ်ဒဏ်ချမှတ်ခဲ့ကြောင်း သိရသည်။

(ဆွေကြီး)

## အာဏာမသက်ရောက်သေးသည့် ဥပဒေတစ်ရပ်

အရှေ့တောင်အာရှနိုင်ငံများအသင်း ဒေသအတွင်း ဆေးလိပ်ကင်းစင်ရေးဇုန်ဖြစ်လာစေရန် မျှော်မှန်းချက်ကို နိုင်ငံတကာအသိုင်းအဝိုင်း၊ အရပ်ဘက် လူ့အဖွဲ့အစည်းများနှင့် ပူးပေါင်းလုပ်ဆောင်သွားမည်ဖြစ်ကြောင်း စင်ကာပူတွင်ပြုလုပ်သော (၁၅)ကြိမ်မြောက် ဆေးရွက်ကြီး(သို့မဟုတ်) ကျန်းမာရေးကမ္ဘာ့ညီလာခံတွင် နိုင်ငံပေါင်း ၁၀၀ ကျော်မှ ကိုယ်စားလှယ်များနှင့် မူဝါဒချမှတ်သူ ၂၅၀၀ ကျော်ရှေ့မှောက်တွင် အာဆီယံအထွေထွေအတွင်းရေးမှူးချုပ် ဒေါက်တာ**"ဆူရင်ပစ်ဆူဝမ်"**က ပြောကြားလိုက်ခြင်း ဖြစ်ပါသည်။ **လူဦးရေသန်း ၆၀၀ ရှိသော အာဆီယံပြည်သူများအနေနှင့် အာဆီယံမြို့တော်တိုင်း၊ လမ်းတိုင်းတွင် သန့်ရှင်းသောလေထုဖြစ်ရေး မျှော်မှန်းကြရန် ယင်းက ပြောဆိုခဲ့ပါသည်။** မဝေးကွာလှသောကာလတွင် မြန်မာနိုင်ငံသည် အာဆီယံဥက္ကဋ္ဌ ဖြစ်လာပါတော့မည်။ မြန်မာနိုင်ငံတွင် အတည်ပြုပြဋ္ဌာန်းထားပြီးဖြစ်ပါသော်လည်း အာဏာစူးရှသက်ရောက်မှုမရှိသေးသော ဥပဒေတစ်ရပ်ရှိနေပါသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအစိုးရလက်ထက် ၄-၅-၂၀၀၆ ရက်နေ့က **ဆေးလိပ်နှင့် ဆေးရွက်ကြီးသောက်သုံးမှု ထိန်းချုပ်ရေးဥပဒေကို ပြဋ္ဌာန်းခဲ့ပါသည်။** နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ်(၅/၂၀၀၆) ဖြစ်ပါသည်။ ယင်းဥပဒေတွင် ထုတ်ပြန်ကြေညာပြီး တစ်နှစ်ပြည့်မြောက်ပြီးသည့်နေ့မှစ၍ အာဏာတည်ရမည်ဟု ပြဋ္ဌာန်းထားပါသည်။ သို့ဖြစ်ရာ ၄-၅-၂၀၀၇ ရက်နေ့မှစတင်၍ အာဏာသက်ရောက်ခဲ့ပြီးဖြစ်ပါသည်။

ယင်းဥပဒေ၏ပုဒ်မ(၃)တွင် ဥပဒေပြဋ္ဌာန်းရခြင်း၏ ရည်ရွယ်ချက်ကို ဖော်ပြထားပါသည်။ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှုကြောင့် ကျန်းမာရေးကို ထိခိုက်စေနိုင်ကြောင်း အများပြည်သူတို့ နားလည်သဘောပေါက်ပြီး ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးခြင်းမှ ရှောင်ကြဉ်စေရန်ဖြစ်ပါသည်။ ဆေးလိပ်ငွေ့ကင်းစင်သည့် ပတ်ဝန်းကျင်ကို ဖန်တီးခြင်းဖြင့် အများပြည်သူတို့၏ ကျန်းမာရေးကို ထိခိုက်စေသည့်အန္တရာယ်မှ ကာကွယ်ရန်ဖြစ်ပါသည်။ ကလေးသူငယ်နှင့် လူငယ်များ အပါအဝင် အများပြည်သူတို့ကို ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးခြင်းအလေ့အထမှ တားဆီးကာကွယ်ခြင်းဖြင့် ကျန်းမာသောနေထိုင်မှုဘဝကို ရရှိစေရန်ဖြစ်ပါသည်။ အများပြည်သူတို့၏ ကျန်းမာရေး၊ စီးပွားရေးနှင့် လူမှုရေးအဆင့်အတန်း မြင့်မားလာစေရန် ရည်ရွယ်ပြဋ္ဌာန်းသော ဥပဒေလည်းဖြစ်ပါသည်။ ကြိုဆိုထိုက်သော ဥပဒေဖြစ်ပါသည်။ ယခုအခါတွင် ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှုထိန်းချုပ်ရေး **ဥပဒေအာဏာ သက်ရောက်ခဲ့သည်မှာ ငါးနှစ်ရှိပြီဟု ဆိုရမည်ဖြစ်ပါသည်။** သို့သော်လည်း ယင်းဥပဒေအပေါ်တွင် ပြည်သူတို့၏ အလေးအနက်ထားရှိမှု၊ လိုက်နာကျင့်သုံးမှုမှာ အားရဖွယ်ရာမရှိသေးပါ။ ခရီးသည်ပို့ဆောင်သောယာဉ်များပေါ်တွင် "ဆေးလိပ်မသောက်ရ" ဟု စာကပ်ထားသော်လည်း ယာဉ်မောင်း၊ ယာဉ်နောက်လိုက်တို့က မလိုက်နာသည်ကို တွေ့မြင်နေရဆဲဖြစ်ပါသည်။

ယင်းဥပဒေပုဒ်မ(၆)တွင် ဆေးလိပ်လုံးဝသောက်သုံးခွင့်မရှိသော နေရာ ၁၅ နေရာ သတ်မှတ်ဖော်ပြထားပါသည်။ ယင်း ၁၅ နေရာထဲတွင် **ဇာတ်ရုံ၊ ရုပ်ရှင်ရုံ၊ ဗီဒီယိုရုံနှင့် အခြားပွဲကျင်းပပြသသည့် အဆောက်အအုံများ၊ ကုန်တိုက် ကုန်ပဒေသာဆိုင်နှင့် အမိုးအကာရှိသည့် ဈေးရုံများ၊ ပြတိုက်၊ မော်ကွန်းတိုက်၊ အများပြည်သူသုံး စာကြည့်တိုက်နှင့် စာဖတ်ခန်းများ၊ အများပြည်သူသုံး ခန်းမကြီးများ၊ ဘာသာရပ်သင် ကိုယ်ပိုင်သင်တန်းနှင့် သင်တန်းကျောင်းများ၏ သင်ကြားရေးအဆောက်အအုံနှင့် ကိုယ်ပိုင်စာသင်ခန်းများ** စသည်တို့ ပါရှိပါသည်။ မည်မျှလိုက်နာကြသည်ကို လေ့လာဆန်းစစ်ရန် လိုအပ်နေပြီဖြစ်ပါသည်။

ပြဋ္ဌာန်းထားသောဥပဒေကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သူများအတွက် ကျူးလွန်သည့်ပြစ်မှုအလိုက် ကျခံရန်၊ ထမ်းဆောင်ရန် ပြစ်ဒဏ်များကိုလည်း တစ်ပါတည်း ပြဋ္ဌာန်းထားပါသည်။ သို့သော်လည်း **ကျောင်းပရဝဏ်မှ ပေ ၁၀၀ အတွင်း ဆေးလိပ်ရောင်းချနေခြင်းအတွက် ဖမ်းဆီးအရေးယူမည့်သူ မရှိသေးပါ။ အသက် (၁၈)နှစ်မပြည့်သေးသူကို ဆေးလိပ်ရောင်းချနေဆဲ တွေ့မြင်နေရပါသည်။ အသက်(၁၈)နှစ်မပြည့်သေးသူကိုယ်တိုင်ကလည်း ဆေးလိပ်ရောင်းချနေဆဲ ဖြစ်ပါသည်။**

ဆေးလိပ်ကြောင့် အဆုတ်ကင်ဆာရောဂါ ဖြစ်တတ်ပါသည်။ နှလုံးသွေးကြောကျဉ်းရောဂါ ဖြစ်တတ်ပါသည်။ ပန်းနာရင်ကျပ်ရောဂါ ဖြစ်တတ်ပါသည်။ အမေရိကန်ခွဲစိတ်ကုဆရာဝန်ကြီးတစ်ဦးက **"ဆေးလိပ်များစွာသောက်ခြင်းသည် မိမိကိုယ်ကို သေနတ်ဖြင့် ပစ်သတ်ခြင်းနှင့် အတူတူပင်ဖြစ်သည်"** ဟုဆိုခဲ့ကြောင်း စာတစ်ပုဒ်တွင် ဖတ်ရှုခဲ့ရဖူးပါသည်။

ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် ပြည်ထောင်စုလွှတ်တော်သို့ တက်ရောက်ခွင့်ရကြသော ပြည်သူ့ကိုယ်စားလှယ်ကြီးများခင်ဗျား. . . ဥပဒေတစ်ရပ်ကို အတည်ပြုပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါလျက် အာဏာစူးရှသက်ရောက်မှုမရှိသော အထက်ပါဥပဒေနှင့်ပတ်သက်၍ နိုင်ငံနှင့်လူမျိုးအကျိုးငှာ လိုအပ်သလို ဆောင်ရွက်သင့်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။

● စိန်လှိုင်ဗိုလ် ●

## နိုင်ငံတကာအားကစားသတင်းများ

နိုင်လင်းကြည်

### ဝါဒါဘရီမင်ကစားသမား ကလော်ဒီယိုပီဇာရို ဘိုင်ယန်မြူးနစ်အသင်းနှင့် စာချုပ်ချုပ်ဆို

**မြူးနစ် မေ ၂၇**

ဂျာမန်ဘွန်ဒက်လီဂါကလပ် ဘိုင်ယန်မြူးနစ်အသင်းသည် ဝါဒါဘရီမင်အသင်းမှ တိုက်စစ်မှူး ပီဇာရို **(ယာပုံ)**အား အလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူ စာချုပ် ချုပ်ဆိုလိုက်ပြီဖြစ်ကြောင်း မေ ၂၇ ရက်တွင် ကြေညာခဲ့သည်။

တိုက်စစ်မှူး ပီဇာရိုသည် ချယ်လ်ဆီးအသင်းတွင်လည်း နှစ်နှစ်ကြာ ကစားခဲ့သူဖြစ်သည်။ အသက်(၃၃)နှစ်အရွယ်ရှိ ပီဇာရိုသည် ချယ်လ်ဆီးအသင်းသို့ မပြောင်းရွှေ့မီက ဘိုင်ယန်မြူးနစ်အသင်းတွင် ၂၀၀၁ ခုနှစ်မှ ၂၀၀၇ ခုနှစ်အထိ ခြောက်နှစ်ကြာကစားခဲ့ပြီး ဘိုင်ယန်အသင်းအတွက် ၇၁ ဂိုး သွင်းယူပေးခဲ့သည်။ ထို့နောက် ချယ်လ်ဆီး၌ နှစ်နှစ်ကြာကစားပြီး ဝါဒါဘရီမင်အသင်းသို့ ပြောင်းရွှေ့ကစားခဲ့သည်။

လက်ရှိတွင်မူ တိုက်စစ်မှူး ပီဇာရိုသည် ဝါဒါဘရီမင်အသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးခဲ့ပြီးနောက် အသင်းဟောင်း ဘိုင်ယန်မြူးနစ်သို့ ရောက်ရှိခဲ့ခြင်းဖြစ်သည်။ ပီဇာရိုသည် ဘွန်ဒက်လီဂါသမိုင်းတွင် ပြိုင်ပွဲပေါင်း ၃၃၃ ပွဲ ကစားပြီး ၁၆၀ ဂိုး သွင်းယူကာ ပွဲစဉ်တစ်လျှောက် ဂိုးအများဆုံးသွင်းသည့် စံချိန်တင်ခဲ့သူဖြစ်သည်။

တိုက်စစ်မှူး ပီဇာရိုသည် နိုင်ငံတကာအတွေ့အကြုံရင့်ကျက်ပြီး ဂိုးပေါက်ကို အကောင်းဆုံး ခြိမ်းခြောက်နိုင်သည့် ကစားသမားဖြစ်သောကြောင့် ပီဇာရိုအား စာချုပ်ချုပ်ဆိုလိုက်ရခြင်းကို ကျေနပ်မိကြောင်း ဘိုင်ယန်မြူးနစ် အားကစားဒါရိုက်တာ ခရစ္စတီယန်နာလင်ဂျာက ပြောကြားခဲ့သည်။ ထို့ပြင် ဘိုင်ယန်မြူးနစ်အသင်းသည် ယခုနှစ် နွေရာသီတွင် ကစားသမားသုံးဦး ခေါ်ယူထားပြီးဖြစ်ရာ တိုက်စစ်မှူးပီဇာရိုသည် ဘိုင်ယန်အသင်း၏ လေးဦးမြောက် စာချုပ်ချုပ်ဆိုခဲ့သည့် ကစားသမားဖြစ်ကြောင်း ခရစ္စတီယန်နာလင်ဂျာက ပြောကြားခဲ့သည်။

***အင်တာနက်။***



### နိုင်ငံတကာ ချစ်ကြည်ရေးခြေစမ်းပွဲများ ယှဉ်ပြိုင် အင်္ဂလန်က နော်ဝေအား တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိ

**အော့စလို မေ ၂၇**

အင်္ဂလန်အသင်းနှင့် နော်ဝေအသင်းတို့သည် ယူရို ၂၀၁၂ ပြိုင်ပွဲများ မစတင်မီ နိုင်ငံတကာချစ်ကြည်ရေး ခြေစမ်းပွဲများအဖြစ် အော့စလိုမြို့ Ullevaal ကွင်း၌ မေ ၂၆ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ အက်ရှ်လေယန်း၏ တစ်လုံးတည်းသော ဂိုးဖြင့် အင်္ဂလန်အသင်း အနိုင်ရရှိခဲ့သည်။ **(အောက်ယာပုံ)**

အင်္ဂလန်အသင်းသည် ပြီးခဲ့သည့် ဖေဖော်ဝါရီလက နည်းပြ ဖာဘီယိုကာပယ်လိုအား ထုတ်ပယ်ခဲ့ပြီးနောက် ရွိုင်းဟော့ဂ်ဆန်အား အင်္ဂလန်အသင်း နည်းပြသစ်အဖြစ် ခန့်အပ်ခဲ့ရာ နော်ဝေအသင်းနှင့် ယှဉ်ပြိုင်သည့် မေ ၂၆ ရက် နိုင်ငံတကာ ချစ်ကြည်ရေးခြေစမ်းပွဲတွင် နော်ဝေအသင်းအား ၃၂ နှစ်တာကာလအတွင်း ပထမဆုံး ပြန်လည်၍ နိုင်ပွဲရယူနိုင်ခဲ့ခြင်းဖြစ်သည်။

အင်္ဂလန်အသင်းနည်းပြသစ် ရွိုင်းဟော့ဂ်ဆန်သည် ပိုလန်နှင့် ယူကရိန်း ပူးတွဲကျင်းပမည့် ယူရို ၂၀၁၂ ပြိုင်ပွဲမတိုင်မီ အသင်း၏ ယုံကြည်အားထားရမည့် ကစားသမားများကို စောစီးစွာဖော်ထုတ်လိုခြင်းကြောင့် နော်ဝေအသင်းနှင့် ခြေစမ်းပွဲတွင် ၄-၄-၂ ပုံစံဖြင့် ပွဲထွက်ကစားစေခဲ့ပြီး ချန်ဘာလိန်းကိုလည်းအသင်း၏ ပွဲချိန်ပြည့်ကစားသမားအဖြစ် ပွဲထုတ်ခဲ့သည်။

အင်္ဂလန်အသင်းတွင် ရွန်းနီ၊ အန်ဒီကာရိုး၊ အသင်းခေါင်းဆောင် စတီဗင်ဂျာရတ်၊ စတီးဝက်ဒေါင်းနင်း၊ ဂါရတ်ဘယ်ရီ၊ ဟန်ဒါဆန်၊ ချန်ဘာလိန်း၊ အက်ရှ်လေယန်း စသည့် ကစားသမားများပါဝင်ခဲ့ပြီး ရွန်းနီမှာ ပြိုင်ပွဲအစမှာပင် နှစ်ပွဲပယ်ပြစ်ဒဏ် ချမှတ်ခံခဲ့ရသည်။ သို့သော် အက်ရှ်လေယန်း၏ တစ်လုံးတည်းသောဂိုးဖြင့် အင်္ဂလန်အသင်း အောင်ပွဲဆင်နိုင်ခဲ့သည်။

ထို့ကြောင့် ဇွန် ၁၁ ရက် (တနင်္လာနေ့)တွင် ယှဉ်ပြိုင်မည့် ယူရို ၂၀၁၂ ပြိုင်ပွဲ၏ အုပ်စုအဆင့်အဖွင့်ပွဲစဉ်တွင် ပြင်သစ်အသင်းကို အနိုင်ကစားနိုင်မည်ဟု ယုံကြည်ထားကြောင်း အင်္ဂလန်အသင်းနည်းပြ ရွိုင်းဟော့ဂ်ဆန်က ပြောကြားခဲ့သည်။

***အင်တာနက်။***

### နိုင်ငံတကာချစ်ကြည်ရေးခြေစမ်းပွဲရလဒ်များ

(၂၇-၅-၂၀၁၂)

| | | |
|---|---|---|
| စပိန် | ၂ - ၀ | ဆားဘီးယား |
| အိုင်ယာလန် | ၁ - ၀ | ဘော့စနီးယား |
| နယ်သာလန် | ၁ - ၂ | ဘူဂေးရီးယား |
| ဆွစ်ဇာလန် | ၅ - ၃ | ဂျာမနီ |
| ဒိန်းမတ် | ၁ - ၃ | ဘရာဇီး |
| အမေရိကန် | ၅ - ၁ | စကော့တလန် |
| နော်ဝေ | ၀ - ၁ | အင်္ဂလန် |



# ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း အာရှ၏အနာဂတ်ရေးရာ (၁၈)ကြိမ်မြောက် နိုင်ငံတကာကွန်ဖရင့်သို့တက်ရောက်

## မြန်မာနိုင်ငံ၏ လျှပ်စစ်ဓာတ်အားလိုအပ်မှု အထောက်အကူပြုနိုင်ရန် ၁၂၀ မဂ္ဂါဝပ် ဓာတ်ငွေ့တာဘိုင်သုံးလုံး ဂျပန်က ဌားရမ်းရန် သဘောတူညီ

နေပြည်တော် မေ ၂၇

**ဂျပန်နိုင်ငံ Nikkei Inc: နှင့် ဂျပန်စီးပွားရေးသုတေသနဗဟိုဌာန (Japan Center for Economic Research) တို့က တာဝန်ခံ၍ ဂျပန်နိုင်ငံ တိုကျိုမြို့၌ မေ ၂၄ ရက်မှ ၂၅ ရက်အထိ ကျင်းပသော 18th International Conference on the Future of Asia သို့ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း တက်ရောက်ခဲ့သည်။**

ယင်းကွန်ဖရင့်ကို ဂျပန်နိုင်ငံတွင် နှစ်စဉ်ကျင်းပလေ့ရှိပြီး ကမ္ဘာ့နိုင်ငံအသီးသီးမှ ထိပ်တန်းခေါင်းဆောင်များ၊ ဘာသာရပ်ဆိုင်ရာကျွမ်းကျင်ပညာရှင်များ တက်ရောက်ဆွေးနွေး ဟောပြောကြသည်။

ယခုနှစ်ကျင်းပသော (၁၈)ကြိမ်မြောက် ကွန်ဖရင့်တွင် ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ အာဆီယံအတွင်းရေးမှူးချုပ် Mr. Surin Pitsuwan၊ စင်ကာပူနိုင်ငံဝန်ကြီးချုပ်ဟောင်း Mr. Lee Kwan Yew၊ မလေးရှားနိုင်ငံဝန်ကြီးချုပ်ဟောင်း Dr. Mahathr bin Mohamad၊ ဗီယက်နမ်နိုင်ငံ ဒုတိယသမ္မတ Ms. Nguyen Thi Doan၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဟောင်း Mr. Li Zhaoxing၊ ပါကစ္စတန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Ms. Hina Rabbani Khan၊ ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Mr. Koichiro Gemba၊ နယူးဇီလန်နိုင်ငံ စီးပွားရေးနှင့်ပြန်ကြားရေးဝန်ကြီး Mr. Craig Foss၊ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်ဟောင်း Mr. Olarn Chaipravat နှင့် တောင်ကိုရီးယားနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ ကမ္ဘာ့ဘဏ်နှင့် အာရှဖွံ့ဖြိုးရေးဘဏ်တို့မှ အကြီးအကဲများ၊ ဘာသာရပ်ဆိုင်ရာကျွမ်းကျင်ပညာရှင်များ ပါဝင်တက်ရောက်ဆွေးနွေးဟောပြောကြသည်။

အဆိုပါ ကွန်ဖရင့်၏ အဓိက ဦးတည်အကြောင်းအရာ ခေါင်းစဉ်မှာ ပြောင်းလဲမှုများ၊ ရှုပ်ထွေးမှုများဖြင့် မတည်ငြိမ်သော ယနေ့ကမ္ဘာ၌ အာရှ၏ အခန်းကဏ္ဍအတွက် ဖွံ့ဖြိုးမှုပုံစံသစ်တစ်ခုရှာဖွေဖော်ထုတ်ရန် (Asia's Role in a Tumultuous World-In Search of a New Growth Model) ဖြစ်သည်။

**စာမျက်နှာ ၈ ကော်လံ ၄ သို့** ❐




**စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း ဂျပန်နိုင်ငံ တိုကျိုမြို့၌ ကျင်းပသော 18th International Conference on the Future of Asia ၌ ဟောပြောဆွေးနွေးစဉ်။** (သတင်းစဉ်)

# ဗြိတိန်ဘုရင်မကြီး၏ စိန်ရတုတော်ဝင်မင်္ဂလာအခမ်းအနားတွင် ချာရေလ်ကိုးလ် ပါဝင်ဖျော်ဖြေမည်

အေဝမ်း စိုး

ဗြိတိသျှနာမည်ကျော် ပေါ့ပ်ဂီတငွေကြယ်ပွင့် ချာရေလ်ကိုးလ်သည် ဗြိတိန်ဘုရင်မကြီး အယ်လီဇဘတ်၏ နန်းစံသက် နှစ်(၆၀) ပြည့်စိန်ရတုတော်ဝင်မင်္ဂလာအခမ်းအနားတွင် တက်ရောက်ဖျော်ဖြေမည်ဖြစ်သည်။

အသက်(၂၈)နှစ်ရှိ ချာရေလ်ကိုးလ်**(အောက်ပုံ)** သည် ဇွန် ၄ ရက်တွင် ကျင်းပမည့် အဆိုပါ တော်ဝင်မင်္ဂလာအခမ်းအနားတွင် တရားဝင်တက်ရောက်ဖျော်ဖြေရမည့် ဂီတအနုပညာရှင်များ အမည်စာရင်းတွင် မပါဝင်သော်လည်း တက်ရောက်ဖျော်ဖြေရန် သဘောတူထားသည်ဟု သတင်းများတွင် ဖော်ပြသည်။

ချာရေလ်ကိုးလ်သည် ယခုကဲ့သို့ ကမ္ဘာတစ်ဝန်းမှ ပရိသတ်ပေါင်းများစွာရှေ့တွင် တိုက်ရိုက်ဖျော်ဖြေတင်ဆက်ခြင်းသည် တစ်နှစ်ကျော်ကာလအတွင်း ပထမဆုံးအကြိမ်ဖြစ်လာမည်ဖြစ်သကဲ့သို့ အဆိုပါ အခမ်းအနားတွင် ဂါရီဘာလိုနှင့်အတူ ပူးတွဲသီဆိုဖျော်ဖြေတင်ဆက် သွားမည်ဟုလည်း သိရသည်။



ဂီတဖျော်ဖြေပွဲနှင့် နီးစပ်သည့် သတင်း အရင်းအမြစ်တစ်ခုက ချာရေလ်ကိုးလ်သည် ဗြိတိန်တွင် နာမည်အကျော်ကြားဆုံး ပေါ့ပ်အဆိုတော်တစ်ဦးဖြစ်သောကြောင့် လူငယ်ပရိသတ်များ အတွက် သင့်လျော်မည်ဖြစ်ကြောင်း၊ ထို့ပြင် ချာရေလ်ကိုးလ်သည် ပရိသတ်များနှင့် တိုက်ရိုက်ဖျော်ဖြေပွဲများ အများအပြား လုပ်လေ့မရှိသော်လည်း

**စာမျက်နှာ ၈ ကော်လံ ၄ သို့** ❖



မကွေးနှင့် မနောမြေတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကြစဉ်။

# အက်စလေကြောင့် မနောမြေနိုင်ပွဲရပြီး ခြေစွာနေသည့် ရက္ခပူရကို နေပြည်တော် အနိုင်မကစားနိုင်ခဲ့

**သတင်းနှင့်ဓာတ်ပုံ - ရှိုင်းထက်ဇော်**

**ရန်ကုန် မေ ၂၇**

MNL Myanmar 2012 အမှတ်ပေးဘောလုံးပြိုင်ပွဲ ဒုတိယအကျော့ ပွဲစဉ်(၁၆) ဒုတိယနေ့ကို ယနေ့ညနေ ၄ နာရီက ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်းနှင့် နေပြည်တော်ရှိ NPT ကွင်းတို့တွင် ဆက်လက်ကျင်းပသည်။

(သုဝဏ္ဏကွင်း)
မနောမြေ - နှစ်ဂိုး
(အက်စလေ)
မကွေး - တစ်ဂိုး
(ကိုနေး)

ဒုတိယအကျော့တွင် နိုင်ပွဲမရသေးသည့် မကွေးအသင်းမှာ ယခုပွဲတွင် မနောမြေကို ရှုံးနိမ့်ခဲ့ပြန်ရာ သုံးပွဲဆက်နိုင်ပွဲပျောက်ဆုံးခဲ့ရသည်။ ဒုတိယအကျော့ အဖွင့်ပွဲစဉ်တွင် Southern ကို ရှုံးနိမ့်ထားသည့် မနောမြေအသင်းမှာ ယခုပွဲတွင် အနိုင်ရရန်သေချာပြင်ဆင်ထားပြီး တိုက်စစ်မှူး အက်စလေ၏ သွင်းဂိုးများဖြင့် နိုင်ပွဲပြန်လည် ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ ၂၆ မိနစ်တွင် အက်စလေက ခေါင်းတိုက်ပြီး မနောမြေအတွက် ဂိုးစတင်သွင်းယူခဲ့သော်လည်း ၃၂ မိနစ်တွင် မကွေးအတွက် ချေပဂိုးကို ကိုနေးက သွင်းယူခဲ့သည်။ မနောမြေအတွက် အနိုင်ဂိုးကိုမူ ၃၄ မိနစ်တွင် အက်စလေကပင် ခေါင်းတိုက်သွင်းယူခဲ့သည်။

**စာမျက်နှာ ၈ ကော်လံ ၄ သို့** ❍

အင်တာနက် သိပ္ပံသတင်း ➢➢ ဘာသာပြန် - တက်လူ

# လပေါ်၌ ရေရှာဖွေနိုင်မည့် နည်းစနစ် အိန္ဒိယသိပ္ပံပညာရှင်များ သုတေသနပြု

**နယူးဒေလီ မေ ၂၇**

လမျက်နှာပြင်ပေါ်၌ ရေနှင့် ရေခဲရှာဖွေနိုင်မည့် နည်းစနစ်တစ်ရပ်ကို တီထွင်ဖော်ထုတ်နိုင်ရန် အိန္ဒိယသိပ္ပံပညာရှင်များ သုတေသနပြုလေ့လာလျက်ရှိကြကြောင်း အာကာသသုတေသနဂျာနယ်တွင် ဖော်ပြထားသည်။

လမျက်နှာပြင်ပေါ်၌ ရေနှင့် ရေခဲတို့ကိန်းအောင်းတည်ရှိနေခြင်း ရှိ၊ မရှိ လေ့လာနိုင်ရန် အိန္ဒိယနိုင်ငံ ဂုဂျာရတ်ပြည်နယ်အခြေစိုက် ရူပဗေဒသုတေသနဌာနမှ သိပ္ပံပညာရှင်များက ဝိုင်ယာလက်စ်အာရုံခံစနစ်တစ်ရပ်ကို သုတေသနပြုလျက်ရှိသည်။ အဆိုပါ သုတေသနဌာနသည် အိန္ဒိယအာကာသသုတေသနအဖွဲ့နှင့် ပေါင်းကူးလုပ်ကိုင်နေသော ဌာနဖြစ်သည်။

**လမျက်နှာပြင်ပေါ်တွင် ရေ ရှိ၊ မရှိ အိန္ဒိယသိပ္ပံပညာရှင်များ လေ့လာမည်။**



အိန္ဒိယနိုင်ငံသည် ၂၀၂၀ ပြည့်နှစ် နောက်ပိုင်းတွင် လူလိုက်ပါသော အာကာသယာဉ် တစ်စင်းကို လကမ္ဘာသို့ စေလွှတ်ရန် စီစဉ်ထားရာ လမျက်နှာပြင်ပေါ်၌ ရေနှင့် ရေခဲစူးစမ်းရှာဖွေပေးမည့် ကိရိယာတစ်မျိုးကို သုတေသနပြု တီထွင်ဖော်ထုတ်နေခြင်းဖြစ်သည်။

လမျက်နှာပြင်ပေါ်၌ အမြဲတမ်းစခန်းတစ်ခု သို့မဟုတ် ယာယီစခန်းတစ်ခု ထူထောင်ဖွင့်လှစ်နိုင်ရန် ရေနှင့် အောက်ဆီဂျင်တို့ လိုအပ်မည်ဖြစ်ကြောင်း လေ့လာချက်တွင်ဖော်ပြထားသည်။

လမျက်နှာပြင်ပေါ် ရေနှင့် ရေခဲ ရှိ၊ မရှိ စူးစမ်းနိုင်မည့် ဝိုင်ယာလက်စ်အာရုံခံစနစ်သည် အာကာသနှင့် ဂြိုဟ်ဆိုင်ရာ လေ့လာမှုများပြုလုပ်ရာတွင် အရေးပါသောနည်းပညာဖြစ်လာမည်ဖြစ်သည်။

လ၏ တောင်ဝင်ရိုးစွန်းအနီး ရက်ကလီတန်မီးတောင်ထိပ်ဝတင်းကြီး၏ အတွင်းပိုင်းကဲ့သို့သော နေရာမျိုး၌ အဆိုပါ အာရုံခံကိရိယာကို အသုံးပြုရန် သင့်လျော်ကြောင်း၊ အာရုံခံကိရိယာကို ထုတ်လုပ်နိုင်ရန် ဒီဇိုင်းပုံစံရေးဆွဲပြီးဖြစ်ကြောင်း သုတေသီ ဒါဂါပရာဆတ်က ပြောကြားသည်။

***အင်တာနက်။***

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

၂၇-၅-၂၀၁၂

**လားရှိုး**

**၂ ဒသမ ၅၂ လက်မ**

**အမ်း**

**၂ ဒသမ ၁၅ လက်မ**